

# RABINDRANATH TAGORE'S STRAY BIRDS

# ငှက်တေလေ

မြင့်မိုးအောင်

စိတ်ကူးချိုချို အနုပညာ
(၈၅)၊ ၁၆၄-လမ်း
တာမွေ၊ ရန်ကုန်။
ဖုန်း - ၅၅၅၇၈၉ / တဆင့်

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကိုဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံ များအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

RABINDRANATH TAGORE'S

# STRAY BIRDS

ရာဘင်ဒြာနသ်တဂိုး

## ငှက်တေလေ

ကဗျာစု


မြင့်စိုးလှိုင်


(မြန်မာပြန်)



၁၉၉၁၊ ဇူလိုင်လ

စာမူခွင့်ပြုချက်အမှတ် ၂၈/၉၈(၁၂)
မျက်နှာဖုံးခွင့်ပြုချက် ၂၉/၉၉(၇)


မျက်နှာဖုံးဒီဇိုင်း ကဒဝ
အတွင်းပုံနှိပ်သူ ဒေါ်မိုးမိုး
(၀၅၁၆၀)
၆၊ သုခလမ်း
ကျောက်မြောင်းဈေး တာမွေ
မျက်နှာဖုံးပုံနှိပ်သူ ဦးမြသိန်း
(၀၁၄၂၇)
သိန်းမြင့်ဝင်းပုံနှိပ်တိုက်
၅၆၊ ၁၁–လမ်း
ရန်ကုန်
ထုတ်ဝေသူ ဦးဝင်းမြင့် (၀၁၅၀၂)
ဝင်းမြင့်အောင်စာပေ
၃၀၅ ၂/ရေပင်ကျွန်း
မထောက်ကြံ့တိုက်ရှေ့
မင်္ဂလာတောင်ညွှန့်မြို့နယ်
ပုံနှိပ်ခြင်း ပထမအကြိမ်
ဇူလိုင်လ ၁၉၉၉
အုပ်ရေ ၁၀၀၀
တန်ဖိုး ၄၀၀ ကျပ်



(၁)
နွေငှက်ကလေးလေးတွေ
ငါ့အိမ်ပြတင်းကို
တေးဆိုဖို့ရောက်လာ
ပြီးတော့
ပျံထွက်သွားကြတယ်။

သီချင်းမရှိတဲ့
ဆောင်းဦးရွက်ဝါတွေကတော့
ဖျတ်ခနဲလှုပ်
သက်ပြင်းတစ်ချက်မှုတ်ရင်း
နေရာတွင်ကြွေဆင်းသွားကြတယ်။

(၂)
အို ——
လောကရဲ့ ခြေသလုံးအိမ်တိုင်
ဖောက်သမားလေးတွေရယ်——
မင်းတို့ရဲ့ခြေရာကို
ငါ့စကားလုံးတွေအဖြစ်
ထားရစ်ခဲ့ပါကွယ်။



(၃)
လောကသည်
ချစ်သူရှေ့၌
သူ၏ခမ်းနားကြီးကျယ်မှု
မျက်နှာဖုံးကိုလှပ်လိုက်၏ ။
ယင်းသည်
သီချင်း တစ်ပုဒ်စာ
သံသရာ၏ အနမ်းတစ်ရှိုက်စာ အထိ
သေးငယ်သွားတော့၏ ။

(၄)
ကမ္ဘာမြေ
သူ့အပြုံး တဝေဝေ။
လုပ်ပေးတာက
သူ့မျက်ရည်စတွေ။

(၅)
ခေါင်းကလေးခါ
ရယ်ကာမောကာနဲ့
လှစ်ခနဲ့ ခွဲခွာပြေးတဲ့
မြက်ပင်ရဲ့ အရွက်မျှင်လေးကို
ချစ်မိလို့
ကြီးမြတ်တဲ့ သဲကန္တာရဟာ
တဟုန်းဟုန်း တောက်လောင် နေရတယ်။

(၆)

နေမင်းကြီးနဲ့   လွဲရလို့
မျက်ရည်ကျနေမယ်ဆိုရင်
ကြယ်ပွင့်လေးတွေနဲ့ လည်း
မင်းလွဲရပေဦးမယ်။

(၇)

ကနေတဲ့ရေပြင်ရယ်---
မင်းစီးဆင်းရာလမ်းမှာရှိတဲ့
သဲပွင့်လေးတွေက
မင်းသီချင်းရယ်
မင်းလှုပ်ရှားတာရယ်
ဒါကိုမေတ္တာရပ်ကြတယ်။
သူတို့ရဲ့
မသန့်စွမ်းမှုဝန်ထုပ်ကို
မင်းသယ်ပိုးသွားနိုင်မလားကွယ်။

(၈)

သူ့ရဲ့
တမ်းတမ်းတတ မျက်နှာလေးဟာလေ။
ညညရှာတဲ့မိုးလို
ကိုယ့်အိပ်မက်တွေထဲ
အခါခါရောက်လာ စိုးမိုးနေ။

(၉)
တစ်ခါက
အိပ်မက် မက်ခဲ့ရာ
ကိုယ်တို့နှစ်ဦးသား
သူစိမ်းများ။
နိုးလာသောအခါ
ဖက်လှဲတကင်း ဆွေရင်းဘဝ
တွေ့ကြရ။

(၁၀)
ဝမ်းနည်းခြင်းသည်
နှုတ်ဆိတ်သစ်ပင်များကြားရှိ
ညနေခင်းသဖွယ်
ငါ့နှလုံးသားအတွင်း
ငြိမ်းချမ်းခြင်းအဖြစ်
တိတ်ဆိတ်စွာတည်ရှိလာ၏။

(၁၁)
မမြင်ရတဲ့လက်ချောင်းလေးတွေက
ညှင်းသွဲ့သွဲ့ လေပြည်လို
ကိုယ့်နှလုံးသားပေါ်မှာ
လှိုင်းပုတ်သံ ဂီတကို တီးခတ်နေကြတယ်။

(၁၂)
“အို---ပင်လယ်
သင့်ဘာသာစကားကဘာပါလဲ”
“ထာဝရ ပူဇော်ဆိုတဲ့ဘာသာစကားပါ”

“အို---ကောင်းကင်
သင့်အဖြေကရော---
ဘာ ဘာသာစကားပါလဲ”
“ထာဝရ ဆိတ်ငြိမ်ရာဆိုတဲ့ ဘာသာစကားပါ”။

(၁၃)
ငါ့ နှလုံးသား---
နားစွင့်လော့
လောက၏ တီးတိုးစကား။
ယင်းတို့က
သင့်အတွက်အံ့
အချစ်တရား။

(၁၄)
ဖန်ဆင်းမှု၏
နက်နဲဆန်းကြယ်ခြင်းကား
ညဥ့်အမှောင်နှင့်ထပ်တူကား
ကြီးကြယ်ခမ်းနားစွ-
အသိဉာဏ်၏ လှည့်စားမှုမှာမူ
ဆိုပါစို့ နံနက်ခင်းနှင်းမြူ။

(၁၅)
မြင်မားသည်ဟု
သင့်အချစ်၏ ထိုင်စရာနေစရာ။
မထားလေနှင့်
မတ်စောက်တောင်စွန်းမှာ။

(၁၆)
ယနေ့နံနက်
ငှါ့အိမ်ပြတင်း၌ထိုင်နေစဉ်
လောကသည်
လမ်းသွားလမ်းလာတစ်ဦးပမာ
ခဏတစ်ဖြုတ်ရပ်
ငှါ့အား ခေါင်းညိတ်ပြ
ထို့နောက်
ထွက်ခွာသွားလေသည်။

(၁၇)
ဤအတွေးကလေးတို့ကား
သစ်ရွက်ခတ်သံများ။
ယင်းတို့သည်
ငါ့စိတ်ထဲတွင်
ယင်းတို့၏ ပျော်ရွှင်မှုတီးတိုးစကားကို
ဆိုကြ၏။

(၁၈)
မင်ဘယ်သူဆိုတာ
မင်း မမြင်သာ
မင်း မြင်ရတာ
မင်း အရိပ်ပါပဲ။

(၁၉)
အရှင်---
အကျွန်၏ လိုအင်ဆန္ဒတို့ကား
သူရူးများ။
အရှင့်တေးသီချင်းများကို
သူတို့ကြားဖောက်အော်ဟစ်ကြ၏။
သို့သော်
အကျွန်အားနားထောင်ခွင့်ပြုစေချင်သည်

(၂၀)
အကောင်းဆုံးကို
ငါကမရွေးချယ်နိုင်။
အကောင်းဆုံးကသာ
ငါ့ကိုရွေးချယ်၏ ။

(၂၁)
မီးအိမ်ကို
ကျောပေါ်တင် သွားတဲ့သူတွေဟာ
ကိုယ့်အရပ်ကို
ကိုယ့်ရှေ့ရောက်အောင်ပို့ကြတယ်။

(၂၂)
ငါ ဟုတည်ရှိနေသည်ကား
ဘဝဆိုသည့်
အတောမသတ်အံ့ဖွယ်တစ်ပါး။

(၂၃)
“ငါတို့ဟာ
တသဲသဲလှုပ်နေတဲ့သစ်ရွက်တွေပဲ
တို့မှာ မုန်တိုင်းကိုအဖြေပေးဖို့
အသံရှိတယ်
နေပါဦး
တိတ်ချက်သားကောင်းတဲ့
မင်းကဘယ်သူလဲ”

“ကျွန်တော်လား - - -
ပန်းတစ်ပွင့်ပါဗျာ”

(၂၄)
နားနေမှုသည်
အလုပ်ပေါ်တည်၏ ။
မျက်ခွံသည်
မျက်လုံးပေါ်တည်သကဲ့သို့တည်း။

(၂၅)
လူသည်
မွေးခါစကလေးငယ်ဖြစ်၏ ။
သူ့အစွမ်းအစသည်
ကြီးပြင်းမှု၏ အစွမ်းအစသာ။

(၂၆)
ဘုရားသခင်
မျှော်လင့်သည့်အဖြေစကားတို့ကား
အကျွန်တို့ထံ သူပို့သလိုက်သည့်
ပန်းပွင့်များအကြောင်းသာ။
နေမင်းကြီးအကြောင်း
ကမ္ဘာမြေကြီးအကြောင်းမဟုတ်ပါ။

(၂၇)
စိမ်းစိုစိုသစ်ရွက်တွေကြားမှာ
ကိုယ်လုံးတီးကလေးတစ်ယောက်လို
ပျော်ပျော်ပါးပါးကစားနေတဲ့
အလင်းရောင်ဟာ
လူဆိုတာ
မုသားပြောတတ်မှန်းမသိရှာဘူး။

(၂၈)
အို---အလှတရား
သင့်ကိုယ်သင် အချစ်၌တွေ့ အောင်ရှာ။
သင့်မှန်ပြင်၏
အခြယ်မှုန်း၌ မရှာလေနှင့်။

(၂၉)
ငါ့နှလုံးသားသည်
လောကကမ်းစပ်ကို
သူ့လှိုင်းများဖြင့် ပုတ်ခတ်ကာ
"မင်းကို ကိုယ်ချစ်တယ်"
ဆိုသည့်စကားကို ရေးသား၍
မျက်ရည်များဖြင့် လက်မှတ်ထိုးထား၏။

(၃၀)
“လမင်း---သင်ဘာလုပ်ဖို့စောင့်နေတာလဲ”
“အကျွန် လမ်းဖယ်ပေးရမယ့်
နေမင်းကိုဂါရဝပြုဖို့ပါ---”

(၃၁)
ဆွံ့အကမ္ဘာမြေ၏
ရော်ရမ်းတမ်းတသံအလား
သစ်ပင်များ
ငါ့ပြတင်းဆီ
ထိုးတက်လာကြပြီ။

(၃၂)
ဘုရားသခင်၏
ကိုယ်ပိုင်နံ့နက်ခင်းတို့ကား
ကိုယ်တော်ရှင်အတွက်
အံ့ချီးဖွယ်အသစ်သစ်
ဖြစ်ကုန်၏။

(၃၃)
ဘဝသည်
မိမိ၏စည်းစိမ်ဥစ္စာကို
လောက၏တောင်းဆိုချက်များကြောင့်
ရရှိပြီး
မိမိ၏တန်ဖိုးရှိမှုကိုမူ
အချစ်၏တောင်းဆိုချက်များကြောင့်
ရရှိလေသည်။

(၃၄)
ခြောက်ခန်းသွားသော
မြစ်ကြမ်းပြင်သည်
ယင်း၏အတိတ်နှင့်ပတ်သက်၍
ကျေးဇူးတရား ရှာမတွေ့ချေ။

(၃၅)
ငှက်က တိမ်လွှာဖြစ်လိုက်ချင်တယ်။
တိမ်လွှာကလည်း ငှက်ဖြစ်လိုက်ချင်တယ်။

(၃၆)
ရေတံခွန်ကတေးဆိုသည်။
"ငါ့ လွတ်လပ်မှုကိုတွေ့သောအခါ
 ငါ့သီချင်းကိုတွေ့သည်သာ"။

(၃၇)
ဤနှလုံးသား
တိတ်ဆိတ်မှုဖြင့် ညှိုးဖျော့နေသည်မှာ
အဘယ်ကြောင့်ဟု ငါမပြောတတ်။
စင်စစ်
သူ မဟောင်း၊မသိ၊
မှတ်လည်းမမှတ်မိသည့်
အသေးအဖွဲ့လိုအပ်ချက်များကြောင့်သာ။

(၃၈)
အမျိုးသမီး---
အိမ်အလုပ်တို့ဖြင့်
သင်လုပ်ကိုင်လှုပ်ရှားစဉ်
တောင်ကျစမ်းက
တေးဆိုသကဲ့သို့
သင့်ကိုယ်လက်အင်္ဂါတို့လည်း
တေးဆိုကြ၏။

(၃၉)
နေသည်
အနောက်ပင်လယ်ကို
ကျော်ဖြတ်ရန်အသွား
အရှေ့ အရပ်ဆီ
သူ၏ နောက်ဆုံးဂါရဝတရား
ထားရစ်ခဲ့လေသည်။

(၄၀)
ကိုယ့်ဟာကိုယ်
ခံတွင်းပျက်တာ
အစားအစာကို
အပြစ်မဆိုရာ။

(၄၁)
ကမ္ဘာမြေ၏
တမ်းတမှုနှင့်သာ
သစ်ပင်များသည်
ကောင်းကင်ဘုံကို ချောင်းကြည့်ရန်
ခြေဖျားထောက်၍ ရပ်ကြ၏။

(၄၂)
မင်းကပြုံးပြပြီး
ကိုယ့်ကို
ဘာတစ်ခွန်းမှမပြောခဲ့။
အဲသည်အပြုံးကြောင့်ပဲ
ကိုယ်မှာ အကြာကြီး
စောင့်စားနေခဲ့ရတယ်လို့
ခံစားမိပါရဲ့။

(၄၃)
ရေထဲက ငါးက တိတ်ဆိတ်တယ်။
မြေပေါ်ကတိရစ္ဆာန်ကဆူညံတယ်။
လေထဲကငှက်က တေးဆိုတယ်။
ဒါပေမယ့် လူကတော့
ပင်လယ်ရဲ့ တိတ်ဆိတမှု
ကမ္ဘာမြေရဲ့ ဆူညံမှုနဲ့
လေထုရဲ့ ဂီတကိုပိုင်ဆိုင်ထားပါတယ်။

(၄၄)
မခွဲနိုင် မခွာရက်သည့်
နှလုံးသား၏ စောင်းကြိုးများအပေါ်
လောကသည်
အတင်းတိုးဝှေ့ကာ
ပူဆွေးမှုဂီတကို
ဖန်တီးသွားလေသည်။

(၄၅)
အကြင်ပုဂ္ဂိုလ်သည်
မိမိလက်နက်များကို
နတ်ဘုရားအဖြစ်အားထား၏။
လက်နက်တို့က
နိုင်သွားသောအခါ
ထိုပုဂ္ဂိုလ်သည်
ကိုယ့်လက်ချက်နှင့်ကိုယ်
ချေမှုန်းခံရ၏။

(၄၆)
ဘုရားသခင်သည်
ဖန်ဆင်းခြင်းဖြင့်သာ
မိမိကိုယ်ကိုမိမိ
တွေ့ရှိတော်မူ၏။

(၄၇)
အရိပ်ဟာ
သူ့ ဇာမျက်နှာဖုံးကိုလှပ်၊
သူ့ အချစ်ရဲ့နှုတ်ဆိတ်ခြေလှမ်းတွေနဲ့
တိတ်တိတ်ကလေး
အကာအကွယ်မပါပဲ
အလင်းနောက်ကို
တကောက်ကောက်လိုက်နေရှာတယ်။

(၄၈)
ကြယ်တို့သည်
ပိုးစုန်းကြူးများပမာ
ပေါ်ပေါက်ာရသော်ငြား
စိုးရိမ်ကြောင့်ကြမဖြစ်ကြချေ။

(၄၉)
အရှင့်အား
အကျွန်ကျေးဇူးဆို၏။
အကျွန်သည်
တန်ခိုးအာဏာ၏
ယန္တရားဘီးများမဖြစ်ဘဲ
ထိုဘီးဖြင့်သာ
အကြိတ်ခံရသော
သက်ရှိသတ္တဝါတို့အနက်
တစ်ဦးအပါအဝင်ဖြစ်သောကြောင့်တည်း။

(၅၀)
စိတ်ဆိုတာ
သဘောမပြည့်ရင်သာနေမယ်
ထက်ရှတတ်တယ်။
မလှုပ်ရင်သာနေမယ်
နေရာတကာကပ်ငြိတတ်တယ်။

(၅၁)
သင့်ဆင်းတုတော်
မြေမှုန့်ထဲတွင်
အပိုင်းပိုင်းကျိုးကြေနေခြင်းသည်
ဘုရားသခင်၏မြေမှုန့်က
သင့်ဆင်းတုတော်ထက်
ပို၍မြင့်မြတ်ကြောင်း
သက်သေပြ၏။

(၅၂)
လူဆိုတာ
သူ့သမိုင်းထဲမှာ
သူ့ကိုယ်သူ ပွဲထုတ်ပြလို့မရဘူး။
အဲသည်အထဲကနေ
ရုန်းကန်ပြီးသာ တတ်လာရတယ်။

(၃၃)
မှန်မီးအိမ်ကမြေမီးခွက်ကို
သူနဲ့အမျိုးစပ်ရကောင်းလားလို့
ခါးခါးသီးသီးပြောဆိုနေတုန်း
လထွက်လာတာမြင်တော့
မှန်မီးအိမ်က---
“သိပ်သိပ်ချစ်တယ် မမရယ်”လို့
ရိုသေကျိုးနွံတဲ့အပြုံးနဲ့
လမင်းကိုလှမ်းခေါ်သတဲ့။

(၃၄)
စင်ရော်နဲ့လှိုင်းတွေရဲ့
တွေ့ဆုံးခြင်းလို
တို့တွေဆုံတွေ့ကြ
နှီးစပ်ခဲ့ကြတယ်။
စင်ရော်တွေထပျံ
လှိုင်းတွေလိမ့်သွားတော့
တို့တို့လည်း ခွဲခွာကြရပေါ့။

(၅၅)
ငါ့ နေ့တာကုန်ပြီ။
ငါလည်း
ကမ်းစပ်ပေါ်တင်ထားတဲ့လှေလို
ညနေချမ်းမှာ
ဒီရေရဲ့ အကဂီတကို
နားဆင်နေပါပြီ။

(၅၆)
ဘဝကို ငါတို့က
ရရှိပိုင်ဆိုင်ထားတယ်။
ငါတို့က ဘဝကို
ပေးခြင်းနဲ့
အလုပ်အကျွေးပြုရတယ်။

(၅၇)
တို့မှာ
နှိမ့်ချသည်းသံခြင်းတရား
ကြီးကျယ်မြင့်မြတ်လာတာနဲ့အမျှ
ကြီးကျယ်မြင့်မြတ်ခြင်းတရားနဲ့
အနီးဆုံးကို
တို့ရောက်တာပဲ။

(၃၈)
စာကလေးက
ဥဒေါင်းငှက်ခမျာ
အမြီးကြောင့်လေးရှာမယ်ဆိုပြီး
စိတ်မကောင်းဖြစ်သတဲ့။

(၅၉)
အခိုက်အတန့်တွေကို
စိုးရိမ်နေစရာမလိုပါ။
ဒါကြောင့်
ထာဝစဉ်တည်တံ့မယ့်အသံနဲ့သာ
တေးဆိုပါ။

(၆၀)
မုန်တိုင်းသည်
လမ်းမရှိမှုဖြင့်
အတိုဆုံးလမ်းကိုရှာ၏။
ထို့နောက်
နေရာဟူမရှိရာတွင်
ရပ်တရက်အဆုံးသတ်လိုက်၏။

(၆၁)
သူငယ်ချင်း---
ငါ့ဝိုင်အရက်ကို
ငါ့ခွက်နဲ့ပဲ သောက်ပါ။
တစ်ခွက်ကတစ်ခွက်ပြောင်းရင်
အရစ်ရစ်ထနေတဲ့ သူ့အမြုပ်ကလေးတွေ
ပျောက်ပျက်သွားတတ်လို့ပါ။

(၆၂)
ပြည့်စုံခြင်းက
သူ့ ကိုယ်သူ
အလှပြင်လာတာ
မပြည့်စုံခြင်းကို
ချစ်မိလို့ပါ။

(၆၃)
ဘုရားသခင်က
လူကို မိန့်ဆို၏။
“ငါသည်သင့်အားအနာကျက်စေ၏။
ထို့ကြောင့်သင့်အားအနာတရဖြစ်အောင်ငါပြု၏။
ငါသည်သင့်အားချစ်မြတ်နိုး၏။
ထို့ကြောင့်ပင်သင့်အားအပြစ်ပေးတော်မူ၏”။

(၆၄)
အလင်းရောင်အတွက်
မီးတောက်ကိုကျေးဇူးတင်ပါ။
ဒါပေမယ့်
မှောင်ရိပ်ထဲမှာ
သည်းခံစိတ်နဲ့
ခိုင်ခိုင်မတ်မတ်ရပ်နေတဲ့
မီးတိုင်ကိုလည်း
မေ့မထားပါနဲ့။

(၆၅)
မြင်ပင်ကလေး
မင်းခြေလှမ်းတွေက သေးကွေး။
ဒါပေမယ့်
မင်းခြေလှမ်းအောက်မှာ
မင်းပိုင်ဆိုင်ထားပြီးလေ
ကမ္ဘာမြေ။

(၆၆)
ပွင့်စပန်းကလေးက
အငုံ ကိုလှုပ်ရင်း
မြည်တမ်းတယ်။
“ချစ်တဲ့ကမ္ဘာလောကရယ်။
တဆိတ် ပျောက်ကွယ်မသွားပါနဲ့ကွယ်”

(၆၇)
ဘုရားသခင်သည်
ကြီးကျယ်သည့်မင်းနေပြည်တို့ကို
ပင်ပန်းငြီးငွေ့တော်မူသော်လည်း
ပန်းကလေးများကို
ပင်ပန်းငြီးငွေ့သည်မရှိ။

(၆၈)
အမှားက
အရှုံးမခံရဲဘူး
အမှန်က ခဲ့ရဲတယ်။

(၆၉)
ရေတံခွန်က တေးဆိုတယ်။
"ရေဆာသူအဖို့
အနည်းအကျဉ်းဆို
လုံလောက်မှန်းသိပေမယ့်
ငါကတော့
ငါ့ရှိသမျှ ရေတွေအကုန်
အားရဝမ်းသာပေးလိုက်ပါတယ်"။

(၇၀)
သည်ပန်းတွေကို
ရှင်းမြူးအားရနဲ့
မနားတမ်း ပွင့်ဝေလာအောင်
မှုတ်တင်လိုက်တဲ့ ရေတိုင်ဟာ
ဘယ်မှာရှိပါလိမ့်။

(၇၁)
သစ်ခုတ်သမားရဲ့ ပုဆိန်က
သူ့ လက်ကိုင်ရိုးလုပ်ဖို့
သစ်ပင်ဆီမှာ တောင်းရမ်းတယ်
သစ်ပင်ကပေးလိုက်ပါတယ်။

(၇၂)
ငါ့နှလုံးသား၏
အထီးကျန်မှုတွင်
မိုးနှင့်မြူ ဇာမျက်နှာဖုံးအုပ်
ဤမှုဆိုးမ ညနေခင်း၏
သက်ပြင်းချသံကို
ငါခံစားရ၏။

(၇၃)
ကံသုံးပါး စင်ကြယ်မှုဆိုသည်မှာ
မေတ္တာအဆောက်အဦမှ ဖြစ်လာသည့်
စည်းစိမ်ဥစ္စာ။

(၇၄)
မြူငွေ့သည် ချစ်ခြင်းနှင့်တူ၏
တောင်ကုန်းတို့ အချက်အချာ၌
ဆော့ကစားပြီး
အလှတရား၏ အံ့သြစရာများကို
ထုတ်ဖော်ပြသ၏။

(၇၅)
ကျုပ်တို့က
လောကကြီးကို မှားဖတ်ပြီး
ကျုပ်တို့ကို
လောကကြီးက လှည့်စားတာပါလို့
ပြောကြတယ်။

(၇၆)
လေက ကဗျာဆရာ
သူ့အသံကို သူရှာရအောင်ဆိုပြီး
ပင်လယ်ကိုကျော်
တောကြိုအုံကြားကို ဖြတ်သန်းနေလေရဲ့။

(၇၇)
ဘုရားသခင်သည်
ယခုထိ
လူကိုယုံကြည်စိတ်မလျော့ပါးသေး ဆိုသော
သတင်းစကားဖြင့်
ကလေးတိုင်း မွေးဖွားလာကြသည်။

(၇၈)
မြက်ပင်က
သူ့ အအုပ်အသင်းကို
မြေကြီးမှာ ရှာတယ်။
သစ်ပင်က
သူ့ တစ်ကိုယ်တည်းဖြစ်မှုကို
ကောင်းကင်မှာရှာတယ်။

(၇၉)
လူသည်
မိမိကိုယ်ကိုမိမိ
ပိတ်ဆို့ဟန့်တားး၏။

(၈၀)
သူငယ်ချင်း---
နားစွင့်နေတဲ့
ထင်းရှူးပင်တွေကြားက
ပင်လယ်ရဲ့ဗလုံးဗထွေးမြည်သံလို
ငှါနှလုံးသားထဲ
မင်းအသံလည်း
ရောက်တတ်ရာလှည့်လည်နေပါတယ်။

(၈၁)
ကြယ်စင်မီးပွားများနှင့်
ဤမမြင်ရသည့် အမှောင်မီးလျှံကား
အဘယ်အရာနည်း။

(၈၂)
နေခြင်းကို နွေပန်းပွင့်လို
သေခြင်းကို ဆောင်ဦးသစ်ရွက်လို
လှပပါစေ။

(၈၃)
ကောင်းမှုပြုလိုသူသည်
ဝင်တံခါးကို ခေါက်ရ၏။
မေတ္တာထားသူသည်
ဝင်းတံခါးကို
ဖွင့်ပြီးသား တွေ့ရ၏။

(၈၄)
သေခြင်း၌
အများသည်တစ်ခုတည်းဖြစ်လာ၏။
နေခြင်း၌
တစ်ခုကအများဖြစ်၏။
ဘုရားသခင်သေလွန်လျှင်
ဘာသာရေးသည်
တစ်ခုတည်းဖြစ်လာလိမ့်မည်။

(၈၅)
အနုပညာသမားသည်
သဘာဝတရား၏ ချစ်သူ-
ထို့ကြောင့်
သူသည်သဘာဝ၏
ကျေးကျွန်လည်းဖြစ်
သခင်လည်းဖြစ်၏။

(၈၆)
"မင်း---ငါနဲ့
ဘယ်လောက်ဝေးဝေးမှာရှိသလဲ
အသီးရယ်"
"ငါလား---
မင်းနှလုံးသားထဲမှာဖုံးနေတာပါ
အပွင့်ရယ်"။

(၈၇)
ဤတမ်းတခြင်းကား---
နေ့တွင်မမြင်ရ
ညဉ့်တွင်သာ ခံစားရသူ
တစ်ဦးအတွက်သာ။

(၈၈)
မြူနှင်းစက်က
ရေကန်ကို ပြောတယ်။
“ခင်ဗျားက
ကြာရွက်အောက်က
နှင်းစက်ကြီး၊
ကျွန်တော်ကတော့
ကြာရွက်ပေါ်က
နှင်းစက်ကလေးပေါ့”။

(၈၉)
ခါး၏ထက်မျက်မှုကို
အကာအကွယ်ပေးစဉ်
ခါးအိမ်သည်
ငြိးငွေ့စရာဖြစ်သော်လည်း
ကျေနပ်၏။

(၉၀)
အမှောင်ထဲ၌
တစ်ခုသည် ဆင်တူဖြစ်၏။
အလင်း၌မူ
တစ်ခုသည် အဆင်ကွဲများ
ဖြစ်သွား၏။

(၉၁)
မဟာပထဝီမြေသည်
မြက်ပင်၏အကူအညီဖြင့်
မိမိကိုယ်ကို
ဝတ္တရားကျေသူဖြစ်စေ၏။

(၉၂)
လေပွေ၏
မြန်ဆန်သော မွှေ့ရမ်းချက်ကြောင့်
သစ်ရွက်တို့မွေးဖွားသေဆုံးကြ၏။
ပိုမိုကျယ်ဝန်းသောလေပွေစက်ဝိုင်းများမှ
ကြယ်ပွင့်များကြား
ဖြည်းညင်းသက်သာလည်ကြ၏။

(၉၃)
တန်ခိုးအာဏာက လောကကိုပြော၏။
“မင်းကို ငါပိုင်တယ်”
လောကလည် သူ့အကျဉ်းသားအား
သူ့ရာဇပလ္လင်ပေါ် နန်းတင်ပေး၏။

ချစ်မေတ္တာ လောကကိုပြော၏။
“အကျွန်ုပ်ကို သင်ပိုင်ပါတယ်။”
လောကသည်ချစ်မေတ္တာအား
သူ့ အိမ်၏ လွတ်လပ်ခွင့်ကိုပေး၏။

(၉၄)
မြူငွေ့သည်
ကမ္ဘာမြေ၏ လိုအင်ဆန္ဒနှင့်တူ၏။
သူ တောင့်တသော နေမင်းကို
သူပင်ဖုံးကွယ်ထား၏။

(၉၅)
ငါ့နှလုံးသား---
ငြိမ်သက်အောင်နေ။
ဤ သစ်ကြီးဝါးကြီးတို့ကား
ဘုရားရှိခိုးစာတွေ။

(၉၆)
ဆုံးစမရှိခြင်းတရား၏ ဂီတကို
တဒင်္ဂပဟာန်၏ အသံဗလံများက
ရယ်သွမ်းသွေးကြ၏။

(၉၇)
ဘဝ
အချစ်
သေခြင်းရေစီးကြောင်းပေါ်
မျှော၍လိုက်သော
ထို့နောက်
မေ့ပျောက်ခံကြရသော
အခြားတပါးသော ခေတ်ကာလများအကြောင်း
ငါစဉ်းစားတွေးတောမိသည်။
ထို့နောက်
ငါသည်
တိမ်းပါးကွယ်လွန်ရခြင်း၏
လွတ်လပ်မှုကို
ခံစားရလေသည်။

(၉၈)
ငါ့အသက်ဝိညာဉ်၏
ပူဆွေးမှုသည်
ငါ့သတို့သမီး၏
ဇာမျက်နှာဖုံးဖြစ်သည်။
ညဥ့်အခါ
အပင့်အမခံဖို့
စောင့်စားနေရသည်။

(၉၉)
သေခြင်းအမှတ်တံဆိပ်သည်
ဘ၀ဒဂ်ါးပြားကိုတန်ဖိုးပေး၏။
တကယ့်အဖိုးထိုက်သည့်အရာကို
ဘ၀နှင့်စက်၍၀ယ်ယူနိုင်စွမ်းရှိစေ၏။

(၁၀၀)
တိမ်တိုက်သည်
မိုးကောင်းကင်
ထောင့်တစ်ထောင့်တွင်
ရိုကျိုးစွာရပ်တည်၏။
နံနက်ခင်းလည်း
ယင်းအား
ခမ်းနားတောက်ပမှုဖြင့်
သရဖူဆောင်းစေ၏။

(၁၀၁)
မြေမှုန့်သည်
အစော်ကားခံရ၏။
အတုံ့အလှည့်အဖြစ်
သူ့ပန်းပွင့်များနှင့်
ပြန်လည်နှင်းဆက်၏။

(၁၀၂)
ပန်းတွေကောက်ပြီး
သိမ်းထားချင်စိတ်နဲ့
တံ့နှေးမနေပါနဲ့။
ရှေ့ဆက်လျှောက်ပါ။
မင်းသွားမဲ့လမ်းတစ်လျှောက်
ပန်းတွေဝေဝေဆာဆာ
သူတို့ဘာသာ ပွင့်နေကြမှာပါ။

(၁၀၃)
သစ်မြစ်တွေဟာ
မြေကြီးအောက်ရောက်နေတဲ့
သစ်ကိုင်းတွေပါ။
သစ်ကိုင်းတွေကတော့
လေထဲရောက်နေတဲ့
သစ်မြစ်တွေပေါ့။

(၁၀၄)
ဟို---အဝေးက
နွေရဲ့ဂီတဟာ
ဆောင်းဦးကိုလှည့်ပတ်
အတောင်တဖျပ်ဖျပ်ခတ်ရင်း
သူ့အသိုက်ဟောင်းကို ရှာဖွေတယ်။

(၁၀၅)
သင့်အိတ်ထဲက
တန်ဖိုးကြီးပစ္စည်းများကို
ငှားရမ်းခြင်းဖြင့်
သင့်မိတ်ဆွေ
သိက္ခာကျအောင်မလုပ်ပါနှင့်။

(၁၀၆)
အမည်မဲ့နေ့များ၏
အထိအတွေ့က
ငါ့နှလုံးသားကို
သစ်ပင်ရေညှိတတ်သလို
တွယ်ကပ်နေကြ။

(၁၀၇)
ပွဲတင်သံက
မူလအသံနှင့်တူအောင်တုပပြီး
သူသာမူလဖြစ်ကြောင်း
သက်သေပြသတဲ့။

(၁၀၈)
လူချမ်းသာက
သူရထားတဲ့အခွင့်ထူးကို
ကြွားချင်ဝါချင်လာတော့
ဘုရားသခင်
အရှက်ရတော်မူတယ်။

(၁၀၉)
ငါဟာ
ကိုယ့်လမ်းကြောင်းပေါ်
ကိုယ့်အရိပ်ကိုယ်
ပုံသွင်းယူနေရတယ်။
အကြောင်းက
ငါ့မှာ
မီးအိမ်တစ်လုံးတော့ရှိပါရဲ့
မီးမထွန်းညှိရသေးလို့ပါ။

(၁၁၀)
လူဟာ
ဆူညံတဲ့ လူအုပ်ထဲသွားခြင်းဖြင့်
သူ့ကိုယ်ပိုင် တိတ်ဆိတ်ခြင်းရဲ့
တစ်ခဲနက်အသံကြီးကို
နစ်မြုပ်ပျောက်ကွယ်သွားစေတယ်။

(၁၁၁)
ဆုတ်နစ်မှုတွင် အဆုံးသတ်လျှင်
သေခြင်းဖြစ်၏။
ပြီးပြည့်စုံသော အဆုံးသတ်ကား
အဆုံးမရှိမှုတွင်သာ ဆုံး၏

(၁၁၂)
နေမင်းမှာ ရှိတာ
အလင်းဆိုတဲ့ ရိုးရိုးခြုံထည်။
တိမ်တွေမှာတော့
ရောင်မျိုးစုံခြယ်။

(၁၁၃)
တောင်ကုန်းများသည်
ကြယ်တို့ကို ဖမ်းဆွတ်ရန်
လက်ဆန့်ထားကြသည့်
ကလေးတို့၏ အော်ဟစ်သံများနှင့်တူ၏။

(၁၁၄)
ချစ်မယ့်သူ မရှိတော့လည်း
လမ်းမခများ
လူအုပ်ကြားထဲမှာ
အထီးကျန်ဖြစ်နေရတယ်။

(၁၁၅)
ကိုယ်ဖျက်ဆီးချေမှုန်း လိုက်ရတာတွေနဲ့ ပတ်သက်လို့
ကြွားလုံးထုတ်နေတဲ့ တန်ခိုးအာဏာကို
ကြွေဆင်းရွက်ဝါတွေနဲ့
လွင့်မျော တိမ်တိုက်တွေက
ဟားတိုက်ရယ်မောသွားကြတယ်။

(၁၁၆)
အလွတ်မရတော့သည့်
ရှေးရိုးတေးကဗျာတစ်ပုဒ်ကို
ဗိုင်းငင်းရင်း ဆိုညည်းသည့်
မိန်းမသားအလား
ကမ္ဘာမြေသည်
ယနေ့
နေရောင်တွင်
ငါ့အား တေးညည်းပြ၏။

(၁၁၇)
မြက်ရွက်တစ်မျှင်ဟာ
သူပေါက်တဲ့နေရာမှာ
ကြီးမြတ်တဲ့ လောကရဲ့
အရေးကြီး ပုဂ္ဂိုလ်ပါ။

(၁၁၈)
အိပ်မက်ဆိုတာ
စကားမပြောရ မနေနိုင်တဲ့ အိမ်သူမယား
အအိပ်ကတော့
ကြိတ်ခံစားတဲ့ လင်ယောကျ်ား။

(၁၁၉)
မှိန်ဖျော့သွားတဲ့ နေ့တာကို
ညဥ့်ကနမ်းရှုတ်ရင်း
နားနားကပ် တီးတိုးပြောတယ်။
“ငါဟာသေခြင်းတရားဆိုတဲ့
မင်းအမေပါ။
မင်းကို
လန်းလန်းဆန်းဆန်း
ငါမွေးဖွားပေးဦးမှာပါ”။

(၁၂၀)
အမှောင်ညဥ့်---
မင်းအလှကို ငါခံစားရတယ်။
မီးအိမ်ကိုငြိမ်းလိုက်တော့
ချစ်သူ မိန်းကလေးကို
ခံစားရသလိုပေါ့။

(၁၂၁)
ငါ့လောကအတွင်း
ငါဆောင်ကြဉ်းလာသည်မှာ
အရေးနိမ့်ခဲ့သော လောကများအား
ပြည့်စုံကြွယ်ဝစေသောအရာ။

(၁၂၂)
သူငယ်ချင်းရယ်---
ဟောသည်လှိုင်းတွေကို
ကိုယ်နားထောင်ကြည့်တဲ့အခါ
သည်ကမ်းခြေက
ရီတမှောင် ညနေချမ်းတွေမှာ
တခမ်းတနားတွေးခဲ့တဲ့
မင်းအတွေးတွေရဲ့ ဆိတ်ငြိမ်မှုကို
ကိုယ်ခံစားရတယ်။

(၁၂၃)
ငါးကို
လေထဲတစ်ချက် မြှောက်တင်ပေးလိုက်တာဟာ
ကြင်နာတဲ့အပြုမူလို့ ငှက်ကထင်တယ်။

(၁၂၄)
ညချမ်းက
နေမင်းကိုပြောတယ်။
“ရှင်က
လမင်းကနေ တစ်ဆင့်
ကျွန်မဆီ
မေတ္တာစာတွေပို့လိုက်တယ်”
“ကျွန်မကလည်း
အဖြေစကားတွေကို
မြင်ပင်ပေါ်မှာ
မျက်ရည်စတွေအဖြစ်
ထားရစ်ခဲ့ပါတယ်”။

(၁၂၅)
ကြီးမြတ်ခြင်းဆိုသည်
မွေးကင်းစ ကလေး။
သူသေဆုံးသောအခါ
လောကထံပါး
ကြီးမြတ်သော သူ့ကလေးဘဝအား
ပေးထားခဲ့သည်။

(၁၂၆)
တူထုချက်များကြောင့် မဟုတ်။
ရေက ကခုန်တေးဆိုပေးသောကြောင့်
ကျောက်စရစ်ခဲများ
လုံးဝန်းမှုန့်ညက်သွားကြ၏။

(၁၂၇)
ပျားတွေက
ပန်းပွင့်တွေဆီက
ဝတ်ရည်စုပ်ယူကြ
ပြန်တော့
ကျေးဇူးစကား
တဝီဝီဆိုသွားကြနဲ့။
တောက်တောက်ပပ
ရွှေလိပ်ပြာကျတော့
ပန်းတွေကပဲ
သူ့ကို ကျေးဇူးပြန်တင်ရဦးမယ်လို့
သေချာပေါက်ပြောနေရဲ့။

(၁၂၈)
ပြီးပြည့်စုံတဲ့အမှန်တရားနဲ့
စကားပြောဖို့
မင်းမစောင့်နိုင်တဲ့အခါ
လွယ်လွယ်သာ
စိတ်ထဲရှိတာထုတ်ပြောလိုက်ပါ။

(၁၂၉)
ဖြစ်နိုင်မှုက
မဖြစ်နိုင်မှုကိုမေးတယ်။
“မင်းအခြေတကျနေတာ ဘယ်မှာလဲ”
“ကိုယ်စွမ်းကိုယ်စမရှိသူရဲ့
အိပ်မက်တွေထဲမှာပဲ” လို့
ဖြေသံထွက်လာတယ်။

(၁၃၀)
အမှားအားလုံးအတွက်
သင့်အိမ်တံခါးကို ပိတ်ထားလျှင်
အမှန်လည်း
ဝင်ခွင့်ရမည်မဟုတ်ချေ။

(၁၃၁)
ငါ့နှလုံးသားကြေကွဲမှု
နောက်ကွယ်ရှိအရာတို့၏
လှုပ်ခတ်သံကို ငါကြားရ၏။
မြင်ကား မမြင်ရ။

(၁၃၂)
နားနေခြင်း၏
သက်ဝင်လှုပ်ရှားမှုသည်
အလုပ်ဖြစ်၏။
ပင်လယ်၏တည်ငြိမ်မှုကား
လှိုင်းအဖြစ်လှုပ်ရှား၏။

(၁၃၃)
ချစ်တတ်သောအခါ
သစ်ရွက်သည် ပန်းပွင့်ဖြစ်သွား၏။
ကိုးကွယ်ဆည်းကပ်သောအခါ
ပန်းပွင့်က သစ်သီးဖြစ်သွား၏။

(၁၃၄)
မြေအောက်ရှိ
သစ်မြစ်တို့သည်
သစ်ကိုင်းများ၌
သီးခိုင်ဖြိုးအောင်
လုပ်ဆောင်ရသည့်အတွက်
မည်သည့်ဆုလာဘ်မျှ
မတောင်းဆို။

(၁၃၅)
ဤမိုးစွေညနေ၌
လေသည်ရပ်နားခြင်းမရှိ။
ယိမ်းထိုးသစ်ကိုင်းများကိုကြည့်ရင်း
ငါသည်
အရာခပ်သိမ်း၏
ခမ်းနားကြီးကျယ်မှုအပေါ်
အတွေးနယ်ချဲ့မိသည်။

(၁၃၆)
သန်းခေါင်မှန်တိုင်းသည်
အချိန်မဟုတ်
အမှောင်ကြီးထဲ နိုးလာသော
ဘီလူးသဘက်ကလေးအလား
ကစားမြူးတူးကာ
အော်ဟစ်ကာ နေတော့သည်။

(၁၃၇)
အို----ပင်လယ်
သင့်ချစ်သူ
တစ်ကိုယ်ရေ မုန်တိုင်းသတို့သမီး
နောက်သို့ လိုက်မည်ဟု
သင့်လှိုင်းများကို
အချည်းအနှီး ကြွစေပြီ။

(၁၃၈)
စကားက အလုပ်ကိုပြောတယ်။
“ကျွန်တော့်မှာ အတွင်းသားဘာမှမရှိလို့
ရှက်မိတယ်ဗျာ”

အလုပ်က စကားကို ပြန်ပြောတယ်။
“ကျုပ်လဲ ခင်ဗျားနဲ့ တွေ့မှ
ကျုပ် ဘယ်လောက်ဆင်းရဲတယ်ဆိုတာ
သိလာရတယ်ဗျာ”။

(၁၃၉)
အချိန်သည်
ပြောင်းလဲခြင်း၏ ခေနဥစ္စာဖြစ်၏။
သို့သော်
သူ့ကိုတုပထားသော စက်နာရီကား
အချိန်ကို ပြောင်းလဲစေရုံသာတတ်နိုင်ပြီး
ဥစ္စာခေနကိုလည်း မဆောင်ပေ။

(၁၄၀)
အမှန်တရားသည်
သူ့အဝတ်အစားထဲတွင်
အချက်အလက်များဖြင့်
တင်းကျပ်နေကြောင်းတွေ့ရ၏။
ဝတ္ထုကဗျာ ရသစာထဲတွင်မူ
သူသည်
ချောင်ချိစွာ လှုပ်ရှား၏။

(၁၄၁)
အို---လမ်းကလေး
ဟိုအနား သည်အနား
ခရီးသွားရသောအခါ
ငါသည် သင်နှင့်ပတ်သက်၍
ပင်ပန်းနွမ်းနွယ်ရ၏။
သို့သော်- ယခုမူ
သင်သည် ငါ့အားနေရာတကာသို့
ဦးဆောင်ခေါ်သွားရာ
ငါသည် အချစ်ဖြင့်
သင်နှင့်တစ်သားတည်းဖြစ်ခဲ့ပြီ။

(၁၄၂)
မျိုးမည်မသိအမှောင်ကိုခွင်း၍
ငါ့ဘဝအားလမ်းပြသည့်
ထိုကြယ်စင်တို့ကြား
တစ်ပွင့်သောကြယ်သည်
ရှိကိုရှိရမည်ဟု
ငါ့အား တွေးဆခွင့်ပြုစေချင်သည်။

(၁၄၃)
မိန်းမသား---
နူးညံ့သိမ်မွေ့တဲ့
မင်းလက်ချောင်းလေးတွေနဲ့
ငါ့ပစ္စည်းတွေကို မင်းထိကိုင်တယ်
ပြီးတာနဲ့ ခိုင်းစေချက်က
ဂီတလိုထွက်ပေါ်လာတော့တယ်။

(၁၄၄)
ကြေကွဲသံတစ်သံသည်
နှစ်ပရိစ္ဆေဒ၏
အပျက်အစီးပုံကြားတွင်
အသိုက်လုပ်၍နေ၏။
ထိုအသံက
အကျွန်ုပ်ထံ
“ငါမင်းကိုချစ်တယ်”ဟု
ညဉ့်အခါတေးဆို၏။

(၁၄၅)
မီးတောက်မီးလျှံက
သူ့အပူရှိန်ဖြင့်
အကျွန်ုပ်အား လွတ်ရာနေဖို့သတိပေး၏။
ပြာအောက်တွင် ဖုံးနေသော
မီးကျီးခဲတို့နှင့် လွတ်ကင်းအောင်လည်း
ကယ်ယူ၏။

(၁၄၆)
မိုးပေါ်မှာတော့
ငှါမှာကြယ်တွေရှိသပေါ့
ဒါပေမယ့်
အို--ငှါမီးအိမ်လေး
ငှါအိမ်ထဲမှာ မီးမထွန်းရသေး။

(၁၄၇)
အသုံးမဝင်တော့သည့်စကားတို့ ၏
ဖုန်မှုန့် သည်
သင့်အားကပ်ငြိ၏။
သင့်အသက်ဝိညာဉ်ကို
ဆိတ်ဆိတ်နေမှုဖြင့်
ဆေးကြောသန့် စင်ပါလေ။

(၁၄၈)
ဘဝတွင်
ကွာဟမှုများ ဖြစ်ကျန်ခဲ့ရာ
ထိုနေရာများမှပင်
သေခြင်းတရား၏ အလွမ်းဂီတသည်
ထွက်ပေါ်လာ၏။

(၁၄၉)
လောကသည်
နံနက်ခင်းတွင်
သူ့အလင်းနှလုံးသားကို
ဖွင့်လှစ်ပြ၏။
"ငါ့နှလုံးသား---
သူနဲ့တွေ့ရအောင်
မင်းအချစ်နဲ့အတူ
ထွက်လာခဲ့ပါ"။

(၁၅၀)
ဤလင်းလက်သစ်ရွက်များနှင့်အတူ
ငါ့အတွေးများတလက်လက်။
ဤနေခြည်၏ အထိအတွေ့ဖြင့်
ငါ့နှလုံးသား တေးဆိုလျက်။
အာကာသ၏ အပြာရောင်
ကာလ၏ အမှောင်ထဲ
အရာရာနှင့်အတူရော
လွင့်မျောရသည်ကို
ငါ့ဘဝလည်း ဝမ်းသာကြည်နူးလျက်။

(၁၅၁)
ဘုရားသခင်၏
တန်ခိုးတော်အနန္တသည်
ညှံ့သက်လေပြေထဲတွင်သာ။
မုန်တိုင်းထဲတွင်မရှိပါ။

(၁၅၂)
အရာခမ်သိမ်း
အစည်းပြေကြ
ဖိနှိပ်ညှင်းဆဲခံကြရ၏။
ဤကား အိပ်မက်တွင်ဖြစ်၏။
အကျွန်နိုးလာသောအခါ
ထိုအရာအားလုံး
အရှင့်ထံ စုစည်းမိကြ
လွတ်မြောက်ခွင့်ရကြသည်ကို
မြင်တွေ့ရလို၏။

(၁၅၃)
“ငါ့တာဝန်တွေ
ဘယ်သူဆက်ယူမှာလဲ”လို့
ဝင်တော့မယ့်နေက မေးတယ်။
“သခင်ရယ်---
ကျွန်တော်တတ်နိုင်သလောက်လုပ်ပါ့မယ်”လို့
မြေမီးခွက်က ပြောလိုက်တယ်။

(၁၅၄)
ပွင့်ဖတ်ကလေးတွေကို
ခြွေလို့တော့
ပန်းပွင့်ရဲ့အလှကို
မင်းစုစည်းလို့ရမှာ
မဟုတ်လေဘူး။

(၁၅၅)
အိပ်စက်နေသော ကျေးငှက်များအား
အသိုက်သည်ထွေးပိုက်ထားသကဲ့သို့
သင့်အသံကိုလည်း
တိတ်ဆိတ်ခြင်းကသယ်ဆောင်ပါလိမ့်မည်။

(၁၅၆)
ကြီးမြတ်သူက
သေးငယ်သူနဲ့
အတူလျှောက်တယ်၊မကြောက်ဘူး။
အလယ်အလတ်ကတော့
ရှောင်ထွက်သွားတာပဲ။

(၁၅၇)
ညဥ့်ဆိုတာက
ပန်းတွေကို
တိတ်တိတ်ကလေး ဖွင့်လှပ်ပေးပြီး
နေ့ကို
ကျေးဇူးခံစားရအောင် လုပ်ပေးတယ်။

(၁၅၈)
တန်ခိုးအာဏာက
သူ့ကြောင့်ဒုက္ခရောက်သူတွေ
အလူးအလဲဖြစ်နေတာကို
ကျေးဇူးခံချင်ကြတာလို့
မှတ်ယူသတဲ့။

(၁၅၉)
ရင့်မှည့်လာလို့
ပျော်ရွှင်ကြည်နူးရပြီလား
ကိုင်း---ဒါဆို
တို့သီးနှံတွေနဲ့
ပျော်ပျော်ပါးပါး ခွဲခွာကြဦးစို့။

(၁၆၀)
မိုးစက်တွေက
မြေကြီးကိုနမ်းပြီး
တီးတိုးပြောကြတယ်။
“အမေရယ်---
ကျွန်တော်တို့ဟာ
အိမ်ကိုလွမ်းနေတဲ့
အမေ့သားသမီးတွေပါ၊
ကောင်းကင်ဘုံကနေ
အမေ့ဆီပြန်လာခဲ့ပါပြီ”။

(၁၆၁)
ပင့်ကူအိမ်သည်
မြူနှင်းရည်ကို ဖမ်းချင်ယောက်ဆောင်ပြီး
ယင်ကောင်များကို ဖမ်းဆီးလေသည်။

(၁၆၂)
ချစ်ခြင်း---
သင့်လက်တွင်
လောက်မြိုက်သောဝေဒနာမီးအိမ်ဖြင့်
လာသောအခါ
သင့်မျက်နှာကို ငါမြင်ရ၏
သင့်ကိုလည်း
ပျော်စရာအတိဟု သိမှတ်ပါ၏။

(၁၆၃)

“ပညာရှိတွေ ပြောသွားအလိုတော့
ခင်ဗျားတို့ရဲ့အလင်းရောင်တွေဟာ
တစ်နေ့ ကျရင်ရှိမှာမဟုတ်တော့ဘူးဆိုပဲဗျ”လို့
ပိုးစုန်းကြူးက ကြယ်တွေကိုပြောသတဲ့။
ကြယ်တွေကတော့ ဘာမျှပြန်မပြောကြပါဘူး။

(၁၆၄)
စောစောနိုးထသည့်
အရုဏ်ဦးငှက်သည်
ညနေချမ်းရီတမှောင်တွင်
ငါ၏ တိတ်ဆိတ်ခြင်းသိုက်မြုံသို့
ခိုလှုံလာ၏။

(၁၆၅)
အတွေးတို့သည်
ငါ့စိတ်ထဲတွင်
ကောင်းကင်မှ ဘဲတစ်အုပ်ကဲ့သို့
ဖြတ်ပျံသွားကြ၏။
သူတို့၏
အတောင်ခတ်သံများကို
ငါကြားရ၏။

(၁၆၆)
မြစ်တွေဟာ
သူ့ကိုရေဖြည့်ပေးဖို့သက်သက်
ဖြစ်တည်နေကြတာလို့
တွေးရတာကို
တူးမြောင်းက သဘောကျ ဆိုပဲ။

(၁၆၇)
လောကသည်
ငါ့အသက်ဝိညာဉ်အား
သူ၏ဝေဒနာဖြင့်နမ်းရှိုက်၍
အတုံ့အပြန်အဖြစ်
တေးသီချင်းများကို
တောင်းဆိုလေသည်။

(၁၆၈)
ငါ့အား
ဖိနှိပ်ညှင်းဆဲနေသည်ကား
ဟင်းလင်းပွင့်ရာ
ထွက်လာမည်လုပ်နေသော
ငါ့အသက်ဝိညာဉ်လေလား။
သို့တည်းမဟုတ်
ငါ့နှလုံးသားထံ
တံခါးခေါက်၍
ဝင်ရောက်ခွင့်တောင်းနေသော
လောက၏ အသက်ဝိညာဉ်လေလား။

(၁၆၉)
အတွေးဟူသည်
သူ့စကားသူ ဖြည့်တင်း၍
သူဘာသာသူ ကြီးပြင်း၏။

(၁၇၀)
ငါသည်
ငါ့နှလုံးသားအိုးကို
ဤ တိတ်ဆိတ်သော အချိန်နာရီတွင်
နှစ်၏။
အိုးတွင်
အချစ်ဖြင့် ပြည့်လာ၏။

(၁၇၁)
သင့်မှာ အလုပ်ရှိချင်ရှိမည်။
မရှိချင်းလည်းနေ။
"တို့တစ်ခုခုလုပ်ကြရအောင်"ဟု
သင်ကဆိုလိုက်လျှင်မူ
ထို့နောက်တွင်
မဟုတ်က ဟုတ်က အလုပ်စလေတော့သည်။

(၁၇၂)
နေကြာပန်းက
အမည်မရှိ ပန်းကလေးကို
ဆွေမျိုးတော်ရမှာ ရှက်နေ၏။
နေက ထလာပြီး
ထိုပန်းကလေးကို
“ကလေး--နေကောင်းတယ်နော်”ဟု
ပြုံးလျက်စကားဆို၏။

(၁၇၃)
“ကံကြမ္မာလို
ငါ့ကို ရှေ့တွန်းပို့နေတာ
ဘယ်သူပါလိမ့်။
“ငါကျောပေါ်
နင်းလျှောက်နေတဲ့
ငါကိုယ်တိုင်ပဲပေါ့”။

(၁၇၄)
တိမ်တွေက
မြစ်ရဲ့ ရေခွက်တွေကို
ရေဖြည့်ပေးတယ်။
သူတို့ကိုယ်သူတို့ကတော့
အဝေးက တောင်တန်းတွေကြား
ဖုံးကွယ်ထားကြတယ်။

(၁၇၅)
လမ်း၌
ငါလျှောက်သွားစဉ်
ငါ့ရေကရားမှ
ရေတို့အဖိတ်ဖိတ်အစဉ်စဉ်။
ငါ့အိမ်ဖို့ကျန်သည်မှာ
ရေအနည်းအကျဉ်းသာပင်။

(၁၇၆)
အိုးထဲရှိ ရေသည် ကြည်လင်လင်းလက်
ပင်လင်ထဲရှိရေသည် နက်မှောင်၏
သေးငယ်သောအမှန် တရား၌
ရှင်းလင်းပြတ်သားသောစကားရှိ၏
ကြီးကျယ်သောအမှန်တရား၌မူ
နှုတ်ဆိတ်မှုကြီးသာရှိ၏။

(၁၇၇)
သင့်အပြုံးသည်
သင်တစ်ဦးတည်းပိုင် ကွင်းထဲက
ပန်းများဖြစ်၏။
သင့်အပြောက
သင်တစ်ဦးတည်းပိုင်
တောင်ပေါ်ထင်းရှူးတော၏
သစ်ရွက်လေတိုးသံဖြစ်၏။
သို့သော်
သင့်နှလုံးသားကား
ငါ့တို့အားလုံး သိကျွမ်းထားသော
မိန်းမသား ဖြစ်ချေ၏။

(၁၇၈)
ငါ့ချစ်သူများအတွက်
ငါထားရစ်ခဲ့သည်ကား
အသေးအမွှားများသာ၊
ကြီးကျယ်သော အရာများမူ
လူတိုင်းအတွက်ဖြစ်၏။

(၁၇၉)
မိန်းမသား---
သင်သည် လောက၏ နှလုံးသားအား
ပင်လယ်က ကမ္ဘာမြေကို ရစ်သိုင်းသည့်အလား
သင့်မျက်ရည်စများ၏ အသိခက်မှုဖြင့်
ရစ်သိုင်းထား၏။

(၁၈၀)
နေရောင်က
ငါ့အား
အပြုံးဖြင့်ကြိုဆို၏။
သူ့ညီမဖြစ်သူ
မိုးကမူ
ငါ့နှလုံးသားထံ စကားဆို၏။

(၁၈၁)
နေ့ကာလ၏
ငှါပန်းပွင့်သည်
မေ့ပျောက်ခံသူ့ပွင့်ဖတ်များကို
ခြွေချ၏။
ညနေချမ်းတွင်
သူသည်
ရွှေရည်ဝင်းသော
မှတ်မိခြင်းသစ်သီးအဖြစ်
ရင့်မှည့်လာလေသည်။

(၁၈၂)
ငါသည်
ညဥ့်ဘက်အခါ လမ်းနှင့်တူ၏။
မိမိ မှတ်ဉာဏ် ခြေသံများကို
တိတ်ဆိတ်ခြင်း၌
နားစိုက်နေတတ်၏။

(၁၈၃)
ငါ့အတွက်မူ
ညချမ်း မိုးကောင်းကင်သည်
ပြတင်းပေါက်နှင့်တူ၏။
ထွန်းထားသော မီးအိမ်နှင့်လည်းတူ၏။
မီးအိမ်နောက်မှနေ၍
စောင့်စားနေရသူနှင့်လည်းတူပေ၏။

(၁၈၄)
ကောင်းတာတွေလုပ်ရင်း
မအားရတဲ့ သူဟာ
ကောင်းအောင်နေဖို့လည်း
အချိန်မရနိုင်ပါ။

(၁၈၅)
ငါဟာ--ဆောင်ဦးတိမ်လွှာ
မိုးမပါ။
ငါ့မှာအပြည့်ပါတာ
စပါးတွေမှည့်ဝင်းနေတဲ့
လယ်ကွင်းထဲသာ ကြည့်လိုက်ပါ။

(၁၈၆)
သူတို့ မုန်းတီးကြ၊သတ်ဖြတ်ကြ
လူတွေက သူတို့ကိုချီးကျူးကြနဲ့။
ဒါပေမယ့်
ဘုရားသခင်က ရှက်လွန်းလို့
သူ့မှတ်ဉာဏ်တော်ကို
မြက်တောစိမ်းစိမ်းအောက်
ကတိုက်ကရိုက် ဖုံးဖိပစ်တော်မူလိုက်ရဲ့။

(၁၈၇)
ခြေချောင်းကလေးတွေဟာ
သူတို့ရဲ့အတိတ်ကို
စွန့်လွှတ်ခဲ့ကြတဲ့
လက်ချောင်းကလေးတွေပါ။

(၁၈၈)
အမှောင်က
အလင်းရှိရာ ရှေ့ရှုသွား။
ဒါပေမယ့်
မသိမမြင်မှု
ရှေ့ရှုရာကား သေခြင်းတရား။

(၁၈၉)
လက်သပ်မွေးထားတဲ့ခွေးက
သူ့နေရာကို လုဖို့
ကြံစည်နေတယ်ဆိုပြီး
စကြဝဠာကြီးကို
သက်ာမကင်းဖြစ်နေတယ်။

(၁၉၀)
ငြိမ်ငြိမ်ထိုင်
ငှါနှလုံးသား။
ဖုန်ထအောင် မလုပ်နဲ့။
မင်းဆီလာလမ်းကို
လောကကြီးတွေ့အောင်နေ။

(၁၉၁)
လေးကမြွားကို
အရှိန်နဲ့မလွှတ်ခင်
“မင်းလွှတ်လပ်ခွင့်ကို ငါပိုင်တာပါ”လို့
တီးတိုးပြောသတဲ့။

(၁၉၂)
မိန်းမသား---
မင်းရဲ့ ရယ်မောသံမှာ
မင်းဟာ
ဘ၀စမ်းရေထွက်ရဲ့ ဂီတကို
ရယူပိုင်ဆိုင်ထားသူပါ။

(၁၉၃)
ယုတ္တိယုတ္တာအပြည့်နဲ့
စိတ်နှလုံးဟာ
အသွားအပြည့်ပါတဲ့ဓါးနဲ့တူတယ်။
သူ့ကိုသုံးရင်
သုံးတဲ့သူ့လက် သွေးထွက်စေတယ်။

(၁၉၄)
ဘုရားသခင်သည်
လူ၏ မီးအိမ်အလင်းကို
သူ့ကိုယ်ပိုင် မဟာကြယ်စင်များထက်
နှစ်သက်တော်မူသည်။

(၁၉၅)
ဤလောကသည်
အလှတရားဂီတဖြင့်
ယဉ်ပါးအောင်ပြုထားသည့်
မုန်းတိုင်းကြမ်းတို့၏
လောကဖြစ်ချေသည်။

(၁၉၆)
နေဝင်ချိန် တိမ်တိုက်က
နေကိုပြောတယ်။
“ကျွန်မနှလုံးသားဟာ
ရှင့်အနမ်းရဲ့
ရတနာဘူးလေးပါ”။

(၁၉၇)
ထိခြင်းဖြင့်
သင် သတ်သည်မည်၏။
ရှောင်ဖယ်ခြင်းဖြင့်
သင် ပိုင်ဆိုင်၏။

(၁၉၈)
လွန်လေပြီးတဲ့
ပျို့ရွယ်ချိန် အိပ်မက်တွေရဲ့
လူးလွန့် လှုပ်ခတ်သံလို
ပုရစ်အော်သံနဲ့
တဖြောက်ဖြောက် မိုးပေါက်သံက
အမှောင်ထဲကနေ
ငါ့ဆီရောက်လာကြ။

(၁၉၉)
ကြယ်စင်အားလုံး
ပျောက်ဆုံးသွားသော
နံနက်ခင်း မိုးကောင်းကင်အား
ပန်းပွင့်က
"အကျွန်၏ မြူနှင်းစက်လည်း
ပျောက်ဆုံးခဲ့ပါပြီ"ဟု
မြည်တမ်းပြောဆို၏။

(၂၀၀)
မီးလောင်သစ်တုံးက
မီးတောက်လှုပ်ရမ်း
အော်မြည်တမ်း၏။
"ဒါ---ငါ့ပန်းပွင့်---
-----ငါ့ သေခြင်း---"။

(၂၀၁)
နကျယ်ကောင်က
သူ့အိမ်နီးချင်းပျားများ၏
ပျားအုံကို
သေးလွန်းသည်ဟုထင်၏။
သူ့အိမ်နီးချင်းတွေကလည်း
သူ့အား
သည့်ထက်သေးတာ တစ်ခုလောက်
ဆောက်ပြဖို့ ပြောကြ၏။

(၂၀၂)
ကမ်းပါးကမြစ်ကို ပြောသည်။
“မင်းလှိုင်းတွေကို
ငါသိမ်းမထားနိုင်
မင်းခြေရာတွေကိုသာ
ငါ့နှလုံးသားမှာ သိမ်းထားပါရစေ”။

(၂၀၃)
ဤကမ္ဘာငယ်ကလေး၏
ဆူညံသံဖြင့်
နေ့ကာလသည်
လောကတကာ၏တိတ်ဆိတ်ခြင်းကို
နစ်မွန်းစေပြီး။

(၂၀၄)
တေးသီချင်းသည်
လေထဲတွင် အဆုံးမရှိခြင်း၊
မြေကြီးတွင် ရုပ်ပုံလွှာ၊
လေနှင့်မြေတွင်မူ ကဗျာကိုခံစားရ၏။
အကြောင်းကား
ခြေတောက်ပေါက် လမ်းလျှောက်ကာ
ဂီတက
အတောင်ပေါက် ပျံသန်းသောကြောင့်တည်း။

(၂၀၅)
နေက
အနောက်အရပ်သို့
နိမ့်ဆင်းသွားသောအခါ
သူ့နံနက်ခင်း၏ အရှေ့အရပ်သည်
သူ့ရှေ့တွင်
တိတ်ဆိတ်မှုဖြင့် ရပ်တည်၏။

(၂၀၆)
ငါသည်
ငါ့ လောကအပေါ်
ကာယကံမြောက် မပြစ်မှားမိသည့်ကိုယ်
လောကကို ငါနှင့်ဆန့်ကျင်ဘက်အဖြစ်
နေရာမထားမိသည့်ကိုယ် ဖြစ်ရပါလို၏။

(၂၀၇)
ချီးမွမ်းခြင်းက
ငါ့အစား ရှက်သွား၏။
အကြောင်းမူ
သူ့ကိုရလိုစိတ်နှင့်
တိတ်တဆိတ်
ငါတောင်းမိ၍ ဖြစ်၏။

(၂၀၈)
ငါ့မှာ
လုပ်စရာ ကိုင်စရာမရှိတဲ့အခါ
ငါ ဘာမျှ မလုပ်ဘဲနေတာဟာ
ရေငြိမ်တဲ့အချိန်
ပင်လယ်ကမ်းခြေက ညနေခင်းလို
သူ့ငြိမ်းချမ်းမှုရဲ့ နက်နဲရာမှာ
နှောင့်ယှက် ကင်းကွာရှိပါစေ။

(၂၀၉)
မိန်းမငယ်---
ရေကန်၏ ပြာလဲ့မှုအလား
သင်၏ အရိုးခံသဘောက
သင့်သစ္စာအနက်ကို
ဖွင့်ဆိုသည် တကား။

(၂၁၀)
အကောင်းဆုံးသည်
တစ်ဦးတည်း မလာ။
အားလုံးနှင့်အသင်းအပင်းပြု၍ လာသည်။

(၂၁၁)
ဘုရားသခင်၏
လက်ယာဘက် လက်တော်သည်
နူးညံ့သိမ်မွေ့၏။
သို့သော်
လက်ဝဲဘက်လက်တော်ကား
ကြောက်မက်ဖွယ်တည်း။

(၂၁၂)
ငါ၏ညချမ်းသည်
ရေခြားမြေခြားသစ်ပင်များကြား
ရောက်သွားကာ
ငှါမိုးသောက်ကြယ်များ နားမလည်သော
ဘာသာစကားဖြင့်ပြောဆို၏။

(၂၁၃)
ညဥ့်အမှောင်ဆိုတာ
အရုဏ်ဦး ရွှေအပြည့်ပါအိတ်တစ်လုံးသာ။

(၂၁၄)
ငါတို့၏ လိုအင်ဆန္ဒသည်
ဘဝ၏
အခိုးအငွေ့နှင့်
မျှသက်သက် ဖြစ်သည်တို့အတွက်
သက်တံ၏ အရောင်များကို
ငှားရမ်း၏ ။

(၂၁၅)
ဘုရားသခင်သည်
သူ့ ကိုယ်ပိုင်ပန်းပွင့်များကို
လူ့ လက်မှနှင်းဆက်သော
ပူဇော်သကာအဖြစ်
ပြန်လည်ရရှိအောင်
စောင့်စားတော်မူ၏။

(၂၁၆)
ငါ၏
သောကအတွေးများက
ငါ့အား
သူ့ တို့ ကိုယ်ပိုင်နာမည်များကို
မေးမြန်းခြင်းဖြင့်
ကလူကျီစယ်ကြ၏။

(၂၁၇)
သစ်သီး၏ လုပ်ကျွေးမှုသည်
အဖိုးတန်၏။
ပန်းပွင့်၏ လုပ်ကျွေးမှုသည်
ချိုမြိန်၏။
သို့သော်
ငါ၏ အလုပ်အကျွေးမှု
သဒ္ဒါရိုကျိုးမှု အရိပ်ရှိ
သစ်ရွက်တို့၏ လုပ်ကျွေးမှုမျိုးသာ
ဖြစ်လိုပါ၏။

(၂၁၈)
ငါ့နှလုံးသားသည်
အရိပ်အာဝါသကောင်းရာ
ဘယ်ကျွန်းသာဆိုက်ဆိုက်ဟု
ပျင်းတွဲ့မလှုပ်ရှား လေ၏ထံပါးသို့
မိမိရွက်များကို ဖြန့်လိုက်လေသည်။

(၂၁၉)
လူတို့သည်
ရက်စက်ကြမ်းကြုတ်၏။
သို့သော်
လူသည် ကြင်နာတတ်၏။

(၂၂၀)
အကျွန်ုပ်အား
အရှင်၏ ခွက်အဖြစ်ထားပါ။
အကျွန်ုပ်၏ ဖြည့်ဆည်းမှုသည်
အရှင့်အတွက်နှင့်
အရှင့်ဥစ္စာ ဖြစ်ပါရစေ။

(၂၂၁)
မုန်တိုင်းဟူသည်ကား
မိမိ၏ချစ်ခြင်းကို
ကမ္ဘာမြေကငြင်းသဖြင့်
နာကျင်ခံစား
နတ်တစ်ပါးပါး၏
အော်ဟစ်သံနှင့်မခြား။

(၂၂၂)
သေခြင်းသည်
အက်ကြောင်းမဟုတ်ရာ
လောကသည် ကွဲဟ၍ မသွား။

(၂၂၃)
အဆုံးရှုံးခံလိုက်ရတဲ့ အချစ်ကြောင့်
ဘဝဟာ ပိုပြီး ကြွယ်ဝလာရတယ်။

(၂၂၄)
အဆွေ---
သင်၏ကြီးမြတ်သောနှလုံးသားသည်
အရှေ့နေနှင့်အတူထွန်းလင်းရာ
နေ့အရုဏ်တွင်
အထီးတည်းတောင်ကုန်း၏
နှင်းဆောင်တောင်ထွက်ပုံပမာ။

(၂၂၅)
သေခြင်းစမ်းရေထွက်သည်
ဘဝရေသေကို
လှုပ်ရှားကစားစေသည်။

(၂၂၆)
အစစပြည့်စုံနေသူတို့ဆိုသည်လည်း
အခြားမဟုတ်
အရှင့်ကိုသာ ရည်ညွှန်း၏။
ဘာတစ်ခုမျှ မရှိသူတို့ကို
ရယ်မောသူဆိုသော်လည်း
အခြားမဟုတ်
အရှင်ကိုယ်တော်တိုင်သာဖြစ်ပါ၏
အကျွန်ုပ် ဘုရားသခင်---။

(၂၂၇)
ဘဝ၏ လှုပ်ရှားမှုသည်
သူ့ နားနေမှုကို
သူ့ ဂီတတွင်သာ ရရှိသည်။

(၂၂၈)
ကန်ကျောက်မှုများသည်
ဖုန်ကိုသာ ထစေ၏။
မြေကြီးထံမှ သီးနှံမရ။

(၂၂၉)
ငါတို့ရဲ့ နာမယ်တွေဟာ
ညအခါ ပင်လယ်လှိုင်းတွေပေါ်
လင်းလက်တဲ့ အလင်းရောင်ပါပဲ။
နောက်တော့လည်း
သူတို့လက်မှတ်ကလေးတောင်
ထိုးမထားခဲ့ဘဲ
သေဆုံးသွားကြတယ်။

(၂၃၀)
နှင်းဆီကိုမှကြည့်ချင်တဲ့မျက်လုံးပိုင်ရှင်ဟာ
ဆူးကိုသာမြင်တတ်တဲ့သူဖြစ်ပါစေ။

(၂၃၁)
ငှက်တောင်ပံ ရွှေချ
ငှက်က
မိုးဝသို့ ထလို့ မပျံနိုင်။

(၂၃၂)
တို့ရေမြေက
မျိုးတူကြာပန်းဟာ
တိုင်းခြား သည့်ရေပြင်မှာ
ထပ်တူချို့မွှေးမှုနဲ့ပွင့်လန်းနေ၊
တခြားနာမည်ခံလို့လေ။

(၂၃၃)
နှလုံးသားရဲ့
ပန်းချီအမြင်သဘောမှာတော့
ခရီးဝေးကလည်း
ဘွားကနဲဆို နီးနီးလေးရယ်။

(၂၃၄)
ငွေလမင်းလျှင်
မိုးပြင်အနှံ့
အလင်းဖြန့် ကျက်-
အမှောင်ကွက်များ
သူ့ ထံထား၏။

(၂၃၅)
"ဒါ မနက်ခင်းပဲ"လို့
မပြောပါနဲ့။
ပြီးတော့
မနေ့ကဆိုတဲ့
နာမယ်တပ်ပြီး
ပစ်ပယ်လိုက်မှာပါ။
နာမယ်မပေးရသေးတဲ့
မွေးခါစ ကလေးကို
ပထမဦးဆုံး မြင်ရတဲ့အနေနဲ့သာ
ကြည့်လိုက်ပါ။

(၂၃၆)
သူတို့ဟာ
မီးနဲ့ညီအစ်ကိုတော်တွေပါ---လို့
မီးခိုးက ကောင်းကင်ကို
ပြာမှုန့်က မြေကြီးကို
ကြွားနေကြတယ်။

(၂၃၇)
မိုးရေစက်က စံပယ်ပွင့်ကို
တီးတိုးပြောတယ်။
“ကိုယ့်ကို မင်းနှလုံးသားထဲ
ထာဝရသိမ်းထားနော်”တဲ့။
စံပယ်က
“အလိုလေး”ဆိုပင့်သက်ချ
မြေပေါ်ကြွေကျသွားရှာတယ်။

(၂၃၈)
အသည်းငယ်တဲ့
အတွေးတွေရယ်---
ငါ့ကို မကြောက်ပါနဲ့
ငါကဗျာဆရာပါကွယ်---။

(၂၃၉)
ငါ့စိတ်၏
မှုန်ရီ တိတ်ဆိတ်ခြင်းဝယ်
ပုရစ်အော်သံက
မီးခိုးရောအလင်းနုအသံဖြင့်
ထပ်ဖြည့်လိုက်သည်ထင်ရ၏။

(၂၄၀)
ဒုံးပျံများ---
ကြယ်တို့အား
သင်၏ ချိုးနှိမ်စကားသည်
သင့်နည်းတူသာ
ကမ္ဘာမြေထက်
ပြန်ဆင်းသက်၏။

(၂၄၁)
အရှင်သည်
အကျွန့်အား
တစ်နေ့ တာ
လူစုလူဝေးကြား ခရီးများမှ
ညချမ်းညနေတစ်ကိုယ်ရေ အချိန်အထိ
ဦးဆောင်လမ်းပြခဲ့၏။
အကျွန်လည်း
ညဥ့်၏ ငြိမ်သက်ခြင်းမှသည်
ယင်း၏ အဓိပ္ပါယ်ကို သဘောပေါက်အောင်
စောင့်လင့်၏။

(၂၄၂)
ဘဝဟူသည်
ပင်လယ်တစ်စင်း၏ ကူးတို့ခရီး။
ထိုခရီးတွင်
ကျွန်ုပ်တို့
သင်္ဘောကျဉ်းကျဉ်း
တစ်စီးတည်း အတူစီးရင်း
ဆုံတွေ့ကြ၏။
သေခြင်း၌မူ
ကျွန်ုပ်တို့ ကမ်းကပ်ပြီးဖြစ်၍
လောကအသီးသီးသို့
ထွက်ခွာသွားကြ၏။

(၂၄၃)
အမှန်တရား ရေစီးသည်
အမှားတည်းဟူသော အောက်ခံကြမ်းပြင်များကို
ဖြတ်သန်း စီးဆင်းရလေသည်။

(၂၄၄)
အချိန်ပင်လယ်ကြောမှ
ချိုမြသော တစ်နာရီအတွက်
ငါ့နှလုံးသား
ယနေ့
လွမ်းဖျားဖျားပြီ။

(၂၄၅)
ကျေးငှက်တေးသည်
ကမ္ဘာမြေမှ ပြန်လာသော
နံနက်အလင်း၏ ပဲ့တင်သံ။

(၂၄၆)
နံနက်အလင်းက
ထောပတ်ခွက်ကို မေးသည်ကား
“ငါ့ကို နမ်းဖို့လေးတောင်
မင်းသွေးနားထင်ရောက်နေပြီလား”။

(၂၄၇)
ပန်းပွင့်ကလေးက မေးလိုက်တယ်။
“အို---နေမင်းကြီးရယ်
သခင့်အတွက်
အကျွန်ဘယ်လို တေးဆိုဝတ်ပြုရမှာလဲ”
နေမင်းက ဖြေတယ်။
“မင်းရဲ့ဖြူစင်မှုနဲ့
ရိုးရိုးလေးသာ တိတ်ဆိတ်နေပါကွယ်”။

(၂၄၈)
လူဟာ တိရစ္ဆာန်ဖြစ်သွားရင်
တိရစ္ဆာန်ထက် ပိုဆိုးတယ်။

(၂၄၉)
အလင်းရောင် နမ်းရှိုက်လိုက်သောအခါ
တိမ်မှောင်များသည်
ကောင်းကင်ဘုံ၏ပန်းပွင့်များ
ဖြစ်သွားကြကုန်၏။

(၂၅၀)
ခါးတုံးတာကြောင့်တော့
ခါးသွားက ခါးရိုးကို
ရယ်သွမ်းမသွေးပါစေနဲ့။

(၂၅၁)
ညဥ့်၏တိတ်ဆိတ်ခြင်းသည်
တရှိန်ရှိန်တောက်နေသော မီးအိမ်ပမာ
သူ့ နဂါးငွေ့တန်း၏ အလင်းဖြင့်
တောက်လောင်နေခြင်းသာ။

(၂၅၂)
ဘဝ၏
နေခြည်ဖြာ ကျွန်းပတ်လည်တွင်
သေခြင်းတရား၏
အတောမသတ် ပင်လယ်တေးဖြင့်
နေ့ နှင့်ညဥ့်သည်
နိမ့်တုံမြင့်ကွ လှိုင်းထလျက်ရှိ၏။

(၂၅၃)
နေခြည်ကို သောက်သုံးသော
ပွင့်ချပ် တောင်ကုန်းများနှင့်
ဤတောင်ကြီးကား
ပန်းတစ်ပွင့်နှင့်မတူလား။

(၂၅၄)
အခိပ္ပါယ်အဖတ်မှား
သံနေသံထား နေရာမကျသော
အမှန်တရားသည်
အမှန်တရားအဟုတ်တော့ချေ။

(၂၅၅)
လေနှင့်ရေတို့၏အသရေကို
လေ့က ဆောင်ယူသကဲ့သို့
သင့်အလှကို
လောက၏ လှုပ်ရှားမှုမှ
ရှာဖွေပါ
ငါ့နှလုံးသား-----။

(၂၅၇)
အကျွန်ုပ်သည်
ကိုယ်ပိုင်လောကငယ်အတွင်း
နေထိုင်ပြီး
ထိုလောကလေး
လျော့ပါးသေးငယ်သွားအောင်
လုပ်မိမှာ စိုးရိမ်ပူပန်၏။
အကျွန်ုပ်အား
အရှင့်လောကတွင်းသို့
ဆောင်ကြဉ်းပါ။
ထို့ပြင်
အကျွန်ုပ်တွင်ရှိသမျှ
ဝမ်းမြောက်စွာ ဆုံးရှုံးခံနိုင်သော
လွတ်လပ်မှုကို
ရယူပိုင်ဆိုင်ခွင့်ပေးသနားပါ။

(၂၅၈)
ဩဇာအာဏာ
ကြီးထွားလာသည့်အတွက်
အမှားက အမှန်အဖြစ်
ကြီးထွားမလာနိုင်ပါ။

(၂၅၉)
သီချင်း လှိုင်းပုတ်သံများဖြင့်
ငါ့ နှလုံးသားသည်
နေသာသောနေ့၏
စိမ်းစိုစို ဤလောကကို
ယုယနိုင်နိုး မျှော်ကိုး၏။

(၂၆၀)
ကြယ်စင်ကို ချစ်တဲ့
လမ်းဘေးမြက်ရယ်။
တော်ကြာ မင်းအိပ်မက်တွေ
ပန်းအဖြစ်နဲ့ ပွင့်လာကြလိမ့်မယ်။

(၂၆၀)
မင်းဂီတကို
ဓါးတစ်စင်းလိုပမာထား။
ဈေးရဲ့ဆူညံသံတွေကို
သူတို့နှလုံးသားအရောက်
ထိုးဖေါက်နိုင်စေသား။

(၂၆၂)
ဤအပင်၏
ထိတ်လန့်တုန်လှုပ်သော
သစ်ရွက်များသည်
ငါ့နှလုံးသားအား
ကလေးငယ်တစ်ဦး၏
လက်ချောင်းများသဖွယ်
ကိုင်တွယ်ထိတွေ့၏။

(၂၆၃)
ပန်းပွင့်ကလေး
ဖုန်ထဲကျနေရဲ့။
သူ
လိပ်ပြာရဲ့လမ်း
စူးစမ်းရှာဖွေခဲ့။

(၂၆၄)
အကျွန်သည်
လမ်းတို့၏ ကမ္ဘာတွင်
နှင်လျက်ရှိ၏။
ညဥ့်ရောက်ပြီ။
တံခါးဖွင့်ပါ
အသင် အိုးအိမ်ကမ္ဘာ။

(၂၆၅)
အရှင့် နေ့ တာ၏
တေးများကို
အကျွန်ဆိုခဲ့ပြီ။
ညချမ်းတွင်
အကျွန့် အား
မုန်တိုင်းထန်သောလမ်းတစ်လျှောက်
အရှင့်မီးအိမ်ကို
သယ်ဆောင်သွားခွင့်ပေးပါ။

(၂၆၆)
မင်းကို
အိမ်ထဲဝင်ဖို့
ကိုယ်မခေါ်။
ကိုယ့်ရဲ့
ကန့်သတ်မဲ့
တစ်ကိုယ်ရေဘာဝထဲသာ
ဝင်ခဲ့ပါ ကိုယ့်ချစ်သူ----။

(၁၆၇)
သေခြင်းသည်
ဘဝနှင့်သက်ဆိုင်၏။
မွေးဖွားခြင်းက ဆိုင်သလိုပင်။
လမ်းလျှောက်သည်ဆိုရာ၌
ခြေအကြွသာမက
ခြေအချလည်းပါဝင်၏။

(၁၆၈)
ပန်းများနှင့်နေခြည်ထံ
အရှင်ဆိုခဲ့သော
တီးတိုးစကားတို့၏
ရိုးရှင်းသော အဓိပ္ပါယ်ကို
အကျွန်ုပ်သင်ကြားတတ်မြောက်ခဲ့ပြီ။
ဝေဒနာနှင့်သေခြင်းတရားထံ
အရှင်ဆိုသောစကားတို့ကို
နားလည်းတတ်ကျွမ်းအောင်
အကျွန်ုပ်အား---သင်ကြားပေးပါဦး။

(၂၆၉)
နံနက်ခင်းက
သူ့ကိုနမ်းသောအခါ
နောက်ကျရောက်လာသူ
ညမွှေးပန်းခမျာ
ဆတ်ဆတ်တုန်ခါ
ပင့်သက်ဖြာရင်း
မြေသို့ ကြွေဆင်း သွားရှာ၏။

(၂၇၀)
ခပ်သိမ်းသောအရာတို့၏
ကြွေကွဲမှု အပူမှသည်
အနန္တ မိခင်၏
တေးညည်းသံ ငါကြားရ၏။

(၂၇၁)
သင့်ကမ်းခြေသို့
သူစိမ်းတစ်ရံအဖြစ်
အကျွန်လာခဲ့၏။
သင့်အိမ်တွင်
ဧည့်သည်အဖြစ်
အကျွန်နေထိုင်ခဲ့၏။
သင့်အိမ်တံခါးမှ
မိတ်ဆွေအဖြစ်
အကျွန်ထွက်ခွာသည်
အကျွန်၏ ကမ္ဘာမြေ။

(၂၇၂)
ကြယ်ညီလာ တိတ်ဆိတ်ခြင်းရဲ့
အနားသတ်မျဉ်းမှာ
နေဝင်ချိန် ပြန်ဟပ်တဲ့အလင်းလို
ကိုယ်စွန့် ခွာသွားတဲ့အခါ
ကိုယ့်အတွေးတွေကို
မင်းဆီလာခွင့်ပေးပါ။

(၂၇၃)
နားနေခြင်း ညချမ်းကြယ်သည်
ငါ့နှလုံးသားတွင်
အလင်းထွန်းညှိပြီးနောက်
ညဥ့်အား
ငါ့ကို အချစ်အကြောင်း
တီးတိုးပြောစေသည်။

(၂၇၄)
အကျွန်သည်
မှောင်ထဲက ကလေးငယ်ဖြစ်၏။
ညဥ့်အိပ်ရာခင်းကြားမှသည်
အကျွန်၏လက်ကို
သင့်ထံ ဆန့်တန်းပါသည်
မိခင်။

(၂၇၅)
အလုပ်နေ့လည်း
လုပ်ကိုင်ပြီးစီးပြီ။
မိခင့်ရင်ခွင်ကြား
မျက်နှာအပ်၍
အကျွန်ထားသည်။
အကျွန်အိပ်မက် မက်ပါရစေ။

(၂၇၆)
ဆုံးစည်းခြင်းမီးအိမ်
တောက်လောင်လာတာ
ကြာတောင်းကြာရှည်။

ခွဲခွာချိန်ရောက်တော့
ခဏလေးနဲ့
ဖြုတ်ခနဲငြိမ်းသေ။

(၂၇၇)
အို--လောက
အကျွန်သေဆုံးသောအခါ
သင်၏တိတ်ဆိတ်ခြင်းတွင်
“ငါချစ်ခဲ့ရတယ်”ဆိုသော
အကျွန့် စကားတစ်ခွန်းကို
သိမ်းဆည်းပေးပါ။

(၂၇၈)
ဤလောကကို
ကျွန်ုပ်တို့ ချစ်သောအခါ
ဤလောကတွင်
နေကြရသည်သာ။

(၂၇၉)
သေသူအတွက်
မသေပျောက်နိုင်သော
ကျော်စောသတင်းရှိစေသတည်း။
သို့သော်
နေသူအတွက်မူ
မသေပျောက်နိုင်သော
ချစ်ခြင်းရှိစေသတည်း။

(၂၈၀)
အိပ်မှုန်စုံမွှားကလေးငယ်က
သူ့မိခင်အား
ဆည်းဆာရီတမှောင်တွင်
ကြည့်ပြီး ပြုံးပြ
တစ်ဖန်ပြန်အိပ်ပျော်သွားသည့်အလား
အကျွန်လည်း
အရှင့်အား မြင်တွေ့ခဲ့ရပြီ။

(၂၈၁)
ဘဝဟူသည်
ပင်ပန်းဆုတ်နစ်သည့်အရာမဟုတ်မှန်း
သိရှိရန်အလို့ ငှာ
ကြိမ်ဖန်များစွာ ငါသေနိုင်ပါသည်။

(၂၈၂)
လမ်းထဲတွင်
လူအုပ်နှင့်အတူ
အကျွန်ဖြတ်သွားစဉ်
လသာဆောင်ထက်မှ
အရှင့်အပြုံးကို
အကျွန်မြင်တွေ့ရာ
ဆူညံသံများကိုမေ့လျော့
အကျွန်လည်းတေးဆိုမိတော့၏။

(၂၈၃)
အချစ်ဆိုသည်
ပြည့်စုံကုံလုံသောဘဝဖြစ်၏။
ဝိုင်အရက်အပြည့်
ဖန်ခွက်နှင့် သဏ္ဍာန်တူ၏။

(၂၈၄)
သူတို့ ဘုရားကျောင်းတွေထဲမှာ
သူ့ တို့ ကိုယ်ပိုင် မီးအိမ်တွေထွန်းလို့
ကိုယ်ပိုင်စာသားတွေနဲ့ဝတ်ပြုတေးဆိုကြတယ်။
ဒါပေမယ့် မင်းကိုယ်ပိုင် မနက်ခင်းအလင်းမှာတော့
မင်းနာမည်ကို ငှက်ကလေးတွေက တေးဆို ကြတယ်။
ဆိုကြဆို မင်းနာမည်က---ပျော်ရွှင်မှုတဲ့လေ။

(၂၈၅)
အကျွန်ုပ်နှလုံးသားအား
တေးသီချင်းများဖြင့်
ဖြည့်တင်းရန်အလို့ငှာ
အရှင်၏ ဆိတ်ငြိမ်ခြင်း
အချက်အချာသို့ရောက်အောင်
အကျွန်ုပ် အား ဦးဆောင်ခေါ်ငင်ပါ။

(၂၈၆)
မီးရှူးမီးပန်းတွေနဲ့
တရှူးရှူး တဒိုင်းဒိုင်းဖြစ်နေတဲ့
လောကမှာနေချင်လို့
ရွေးချယ်ခဲ့ကြတဲ့ သူတွေကို
သူတို့ဘာသာ နေကြပါစေ။
အကျွန်ုပ်နှလုံးသားကတော့
အရှင့်ကြယ်စင်တွေကိုသာ
တောင့်တပါတယ်
အကျွန်ုပ်ဘုရားသခင်---။

(၂၈၇)
အချစ်၏ ဒုက္ခဝေဒနာက
ထောက်စမ်းမမီသော
ပင်လယ်ကြီးနှယ်
ငါ့ဘဝကို
ဝန်းပတ်တေးဆို၏။
အချစ်၏ပျော်ရွှင်ချမ်းသာက
ပန်းများဝေသော
တောအုပ်တွင်းမှ
ငှက်ငယ်များနှယ်တေးဆို၏။

(၂၈၈)
အရှင်
ငြိမ်းချင်သည့်အချိန်
မီးအိမ်ကိုငြိမ်းလိုက်ပါ။
အရှင့်အမှောင်ကို
အကျွန်နားလည်နိုင်သည်
ချစ်လည်းချစ်ခင်နိုင်ပါသည်။

(၂၈၉)
နေ့ တာကုန်ဆုံးချိန်
အရှင့်ရှေ့တွင်
အကျွန်ုပ်ရပ်သောအခါ
အကျွန်ုပ်၏အမာရွတ်များကို
အရှင့်တွေ့မြင်ပါလိမ့်မည်။
ထိုအခါ
အကျွန်ုပ်သည်ဒဏ်ရာလည်းရခဲ့၍
အနာလည်းကျက်ခဲ့ပြီဖြစ်ကြောင်း
အရှင်သိရှိပါလိမ့်မည်။

(၂၉၀)
တစ်နေ့နေ့
အခြားတစ်ပါးသောလောက၏
နေထွက်ချိန်တွင်
အရှင့်ထံ
အကျွန်ုပ်တေးဆိုလိုက်ပါမည်။
“အရှင့်ကို
ကမ္ဘာမြေရဲ့အလင်းနဲ့
လူသားရဲ့ချစ်ခြင်းမှာ
ဟိုအရင်ကတည်းက
အကျွန်ုပ်တွေ့ဖူးခဲ့တာပါ”။

(၂၉၁)
တခြားနေ့များမှနေ၍
တိမ်တို့သည်
ငါ့ဘဝအတွင်း
မျောလွင့်လာကြပြီး
မိုးလည်းမရွာ
မုန်တိုင်းလည်းမဆင်
ငါ၏နေဝင်ချိန်မိုးကောင်းကင်ကို
အရောင်ခြယ်၍သာနေကြလေသည်။

(၂၉၂)
မျိုးစေ့တွေ
နေရာအနှံ့ကြဲတဲ့
မုန်တိုင်းထဲကနေ
အမှန်တရားဟာ
ကိုယ့်ဘာသာဆန့်ကျင်ရှုန်းထတယ်။

(၂၉၃)
မနေ့ညက
တိုက်တဲ့မုန်တိုင်းဟာ
သည်ကနေ့မနက်ခင်းကို
ရွှေစင်ငြိမ်းချမ်းရေးနဲ့
သရဖူဆောင်းပေးခဲ့ပြီ။

(၂၉၄)
အမှန်တရားသည်
သူ၏နောက်ဆုံးစကားများနှင့်
လာသည်ထင်၏။
နောက်ဆုံးစကားကပင်
နောက်စကားတစ်ခွန်းကို
ထပ်မံမွေးဖွားပေးပြန်၏။

(၂၉၅)
ကိုယ့်ကျော်ကြားမှုက
ကိုယ့်အမှန်တရားပေါ်
အရောင်လွှမ်းမသွားအောင်နေတတ်တဲ့လူမှ
ကုသိုလ်ကံကောင်းတဲ့လူ။

(၂၉၆)
ကိုယ့်နာမည် ကိုယ်မေ့သောအခါ
အရှင့်နာမတော်၏ ချိုကြည်မှုက
နှင်းမြူပြယ်ချိန်
အရှင်၏နံနက်နေအလား
အကျွန်ုပ်နှလုံးသား၌ပျံ့နှံ့၏။

(၂၉၇)
တိတ်ဆိတ်ညဥ့်၌
မိခင်၏အလှရှိ၏
ဆူညံသောင်းသဲနေ့၌
ကလေးသူငယ်၏အလှရှိ၏။

(၂၉၈)
လူပြုံးသောအခါ
လောကသည်
သူ့အားချစ်ခင်၏ ။
လူရယ်သောအခါ
လောကသည်
သူ့အားကြောက်ရွံ့လာတော့၏။

(၂၉၉)
ဘုရားသခင်
စောင့်လင့်နေတာက
လူဟာ
ကိုယ့်ငယ်ဘဝကို
ပညာဉာဏ်နဲ့ပြန်ရအောင်
လုပ်တတ်ဖို့ပါ။

(၃၀၀)
သည်လောကဟာ
အရှင့်အချစ်နဲ့
ပုံဖော်ထားတဲ့အရာလို့
အကျွန်ုပ်ခံစားပါရစေ။
ပြီးတော့
အကျွန်ုပ့်အချစ်နဲ့
ကူညီပံ့ပိုးပေးမယ်လေ။

(၃၀၁)
အရှင့်နေရောင်ခြည်က
သူ့နွေဦးပန်းတွေကို
သံသယ မရှိတော့
အကျွန်ုပ့်နှလုံးသားဆောင်းရက်တွေပေါ်
ပြုံးပြနိုင်တာပါ။

(၁၀၂)
ဘုရားသခင်
အချစ်နဲ့ နမ်းတာက
ကန့်သတ်ရှိတဲ့ဟာ။
လူနမ်းတာကျတော့
အကန့်အသတ်မရှိတဲ့ဟာ။

(၁၀၃)
လိုလေသေးမရှိ
ပြည့်စုံတဲ့ခဏတာလေးကို
ရောက်ဖို့အရေး
ညှိုးသွေ့တဲ့နှစ်ကာလတွေရဲ့
ကန္တာရ မြေအပြင်တွေကို
သင့်မှာ
ဖြတ်သန်းလိုက်ရတာ---။

(၁၀၄)
ဘုရားသခင်၏
ဆိတ်ဆိတ်နေခြင်းသည်
လူ့ အတွေးများကို
စကားအဖြစ်
ရင့်မှည့်စေ၏။

(၁၀၅)
အနန္တခရီးသည်ရယ်---
အကျွန်ုပ်၏သီချင်းတွေကို
ဖြတ်ကျော်နင်းသွားတဲ့
သင့်ခြေရာအမှတ်အသားတွေကို
သင်တွေ့ရပါလိမ့်မယ်။

(၁၀၆)
ဖခင်-
သင်၏ဘုန်းတန်ခိုးတော်ကို
သင့်သားသမီးများထံတွင်
ထင်ရှားပြတော်မူရာ
အရှင့်အား
အကျွန်ုပ်သည်
ရှက်ရွံ့မနေတတ်သည့်ကိုယ်
ဖြစ်ပါစေသား။

(၃၀၇)
နေ့သည်ပျော်စရာမရှိ။
မျက်မှောင်ကြုတ်တိမ်တိုက်များအောက်မှ
အလင်းရောင်သည်
ဖျော့တော့ပါးပြင်ဝယ်
မျက်ရည်ကြောင်း အသွယ်သွယ်ဖြင့်
အပြစ်ပေးခံရသည့်ကလေးနှယ်။
ထို့ပြင်
လေ၏အော်သံကလည်း
အနာတရလောက၏
အော်သံနှင့်မခြား။
သို့သော်
ငါသိသည်။
ငါကား
မိတ်ဆွေရင်းနှင့်တွေ့ဖို့
ခရီးသွားနေသည်။

(၁၀၈)
ယနေ့ည
အုန်းရွက်ကြားဝယ်
လှုပ်လှုပ်ရှားရှား ဖြစ်၏။
ပင်လယ်တွင်
လှိုင်းတံပိုးထ၏။
လပြည့်ဝန်းကား
လောက၏
မြန်လွန်းသောနှလုံးခုန်သံအလား။
တစစ်စစ်ကိုင်ခဲသော
အချစ်၏လျှို့ဝှက်ခြင်းကို
အမည်မသိ ဘယ်မိုးကောင်းကင်မှနေ၍
အရှင်၏ တိတ်ဆိတ်ခြင်းဖြင့်
ဆောင်ကြဉ်းခဲ့ပါသနည်း။
(၁၀၉)
ကျွန်တော်
အိမ်မက်မက်တယ်။
ကြယ်စင်တစ်ပွင့်
အလင်းကျွန်းတစ်ကျွန်းအကြောင်း။
သည်အရပ်ဟာ
ကျွန်တော့်မွေးဇာတိဖြစ်မယ်။
သည်အရပ်ရှိ
ရှင်သန်နိုးကြားတဲ့
အားလပ်ချိန်တွေရဲ့
အတွင်းကျကျကနေ
ကျွန်တော့်ဘဝ
စပါးခင်းထဲကဆောင်းနေလို
ကိုယ့်လုပ်ငန်းတွေကို
ရင့်မှည့်စေရာ ဒေသလည်း
ဖြစ်ပေလိမ့်မယ်။

(၃၁၀)
မိုးရေဖြင့်စွတ်စိုသော
မြေသင်းနံ့သည်
မထင်ရှားသော အသံမဲ့ လူစုလူဝေးထံမှ
တစ်ခဲနက်
မရပ်မနား ထွက်ပေါ်လာသည့်
ချီးကျူးသြဘာအလား
ထွက်ပေါ်လာလေသည်။

(၃၁၁)
အချစ်ဟာ
အမြဲလက်လွတ်ဆုံးရှုံးနိုင်တယ်ဆိုတာ
အမှန်တရားအဖြစ်
ကျွန်တော်တို့
လက်မခံနိုင်တဲ့အချက်ပါ။

(၃၁၂)
တစ်နေ့တော့
ကျွန်တော်တို့ နားလည်လာမှာပါ။
ကျွန်တော်တို့ဆီက
သေခြင်းတရား ခိုးဝှက်မယူနိုင်တာ
ကျွန်တော်တို့ရဲ့အသက်ဝိညာဉ်
ပိုင်ပိုင်ယူထားရတဲ့အရာ။
သူရထားတာဆို
သူနဲ့တစ်သားတည်းဖြစ်သွားတာမို့ပါ။

(၁၁၃)
ဘုရားသခင်
အကျွန်ုပ် ညချမ်းရီတမှောင်မှာ
အကျွန်ုပ် အတိတ်ကပန်းတွေကို
သူ့ ဆွဲခြင်းထဲ
လတ်လတ်ဆတ်ဆတ်ထည့် လို့
အကျွန်ုပ် ဆီကြွလာတော်မူတယ်။

(၁၁၄)
အကျွန်ုပ် ဘဝ၏
စောင်းကြိုးအားလုံး
တီးခတ်ဖို့အသင့်ဖြစ်လျှင်
အရှင့်တို့ ထိမှုတိုင်းတွင်
အချစ်၏ဂီတ
ထွက်ပေါ်လာပါလိမ့်မည် သခင်---။

(၁၁၅)
မဖေါက်မပြန်
မှန်ကန်စွာနေရပါလို၏
အရှင်ဘုရား---
သို့မှသာ
သေခြင်းတရားသည်
အကျွန်ုပ် အတွက်မှန်ကန်မှု
ဖြစ်ပါလိမ့်မည်။

(၁၁၆)
လူ့သမိုင်းသည်
အစော်ကားခံရသူတို့ ၏
အောင်ပွဲအတွက်
သည်းခံစိတ်ဖြင့်စောင့်ဆိုင်းလျက်။

(၁၁၇)
ရိတ်သိမ်းပြီးသွားသော
အထီးကျန်လယ်ကွင်းပေါ်
နေသာသော နံနက်ခင်းက
တိတ်ဆိတ်ခြင်းဖြင့်
ငေးစိုက်ကြည့်သကဲ့သို့
ဤအခိုက်အတန့်အတွင်း
အကျွန်ုပ်နှလုံးသားပေါ်
သင်ငေးစိုက်ကြည့်သည်ကို
အကျွန်ုပ်ခံစားရပါ၏။

(၁၁၈)
ဤ
လှိုင်းတံပိုးထန်
ဟစ်ကြွေးသံပင်လယ်ကို
ဖြတ်သန်း
သီချင်းတို့ စုံရာကျွန်းသာ
ငါမျှော်တမ်းသည်။

(၁၁၉)
ခမ်းနားသိုက်မြိုက်သော
အမှောင်အတွက်
လေးနက်သော ဝတ်ပြုတေးသံ
ပါဝင်သည့်
ညဥ့်၏ ညှော့ခံတီးလုံးသည်
နေဝင်ချိန် ဂီတဖြင့် စတင်လေသည်။

(၃၂၀)
အကျွန်သည်
တောင်ထိပ်ရောက်အောင်
တတ်ခဲ့ပြီးနောက်
ကျော်ကြားမှု၏ အေးစက်ခြင်းနှင့်
အချည်းနှီးမြင့်မားမှုတွင်
ခိုနားစရာ ရှာမတွေ့ခဲ့။
ဘဝ၏ ရိတ်သိမ်းချိန်ကို
ပညာရွှေအိုးအဖြစ်
ဝေဖန်ပိုင်းခြားပေးရာအရပ်ဖြစ်သည့်
အသံတိတ်တောင်ကြားများအတွင်း
အလင်းရောင်မှိန်ပျောက်မသွားခင်
အကျွန့်အား ရှေ့ဆောင်ခေါ်ငင်ပါ
အကျွန်၏လမ်းပြ----။

(၃၂၁)
ဤရီတမျောင်
ဖျော့တော့အလင်းတွင်
အရာရာသည်
အဆန်းတကြယ်ဖြစ်ကုန်၏။
စုလစ်မွန်းချွန်တို့၏ အောက်ခြေသည်
အမှောင်တွင် ကွယ်ပျောက်၍
သစ်ပင် ထိပ်ဖျားတို့လည်း
မင်စက်တို့ အလားဖြစ်၏။
အကျွန်သည်
နံနက်လင်းအောင်စောင့်အံ့။
ထို့နောက်နိုးထကာ
အရှင့်မြို့တော်ကို
အလင်းရောင်တွင် ရှုကြည့်အံ့။

(၃၂၂)
ငါသည်
နာကျင်ခံစားခဲ့ရ
မျှော်လင့်ခြင်းကင်းခဲ့ရပြီးနောက်
သေခြင်းတရားကို သိနားလည်ခဲ့ရ၏။
ထို့နောက်
ဤကြီးမြတ်သောလောကတွင်
ငါတည်ရှိနေသည့်အတွက်လည်း
ဝမ်းသာကြည်နူးရပါ၏။

(၃၂၃)
ငါ့ဘဝတွင်
ပြောင်တလင်းနှင့်တိတ်ဆိတ်ခြင်းသာရှိသော
မြေလွတ်များရှိ၏။
ယင်းတို့သည်
ဟင်းလင်းပွင့်ကွက်လပ်များဖြစ်၍
ထိုနေရာများမှပင်
ငါ၏ အလုပ်မအားသောနေ့ များအတွက်
အလင်းနှင့်လေကို ရရှိ၏။

(၃၂၄)
အကျွန်ုပ်နောက်ကနေ
တွယ်ကပ်ကာ
သေခြင်းတရားကို
အခက်တွေ့အောင်လုပ်နေသည့်
အကျွန်ုပ်၏
အလို မပြည့်ဝ နှောင်းအတိတ်ထံပါးမှ
အကျွန်ုပ် အားလွှတ်မြောက်ခွင့် ပေးသနားပါ။

(၃၂၅)
အရှင့် အချစ်၌
အကျွန်စိတ်ချယုံကြည်၏။
ဤကား
အကျွန့် နောက်ဆုံးစကား
ဖြစ်ရပါလို့။ ။

မြင့်စိုးလှိုင်

RABINDRANATH TAGORE'S

# STRAY BIRDS

# ငှက်တေလေ